# ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာအကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်၊ သောကြာနေ့။ Friday, 6 January 2023 ၁၀၉၇၂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ယနေ့ ဖတ်စရာ**

**မင်းရန်အောင်ပန်းချီကား (သို့မဟုတ်) မော်ဖဒေသ ပုံရိပ်များ**

ဆောင်းပါး
စာမျက်နှာ » ၆

**ဒီနှစ်မှာတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက ရိုးရာ အစားအစာတွေကို အခုလို စုံစုံလင်လင် ခမ်းခမ်းနားနားနဲ့ ရောင်းချပြီး ပြည်သူလူထုကို လာရောက် လေ့လာစားသောက်နိုင်အောင်၊ အခြားအစားအသောက်တွေ၊ အဝတ်အထည်တွေကိုလည်း သက်သာတဲ့ဈေးနှုန်းနဲ့ ရောင်းချနေပါတယ်**

စာမျက်နှာ » ၁၀

**ဓာတ်ခွဲနမူနာစုစုပေါင်း ၃၈၃၁ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦး တွေ့ရှိ**

စာမျက်နှာ » ၁၂

**ဂျပန်ဝန်ကြီးချုပ် ကီရှီဒါ ပြင်သစ်၊ အီတလီ၊ ဗြိတိန်၊ ကနေဒါနှင့် အမေရိကန်နိုင်ငံတို့သို့ သွားရောက်မည်**

စာမျက်နှာ » ၁၃

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာပြခန်းများနှင့် ဂုဏ်ပြုယာဉ်များ ဒုတိယနေ့ ဆက်လက်ခင်းကျင်းပြသ ပြည်သူများ တစ်ခဲနက် လာရောက်လေ့လာကြည့်ရှု



(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာပြခန်းများနှင့် ဂုဏ်ပြုယာဉ်များကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ရှေ့ တပေါင်းကွင်း၌ ဒုတိယနေ့အဖြစ် ခင်းကျင်းပြသထားရာ လာရောက်လေ့လာကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

နေပြည်တော် ဇန်နဝါရီ ၅

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာပြခန်းများနှင့် ဂုဏ်ပြုယာဉ်များကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ရှေ့ တပေါင်းကွင်း၌ ဒုတိယနေ့အဖြစ် ခင်းကျင်းပြသထားရာ ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုအခမ်းအနားတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆင်နွှဲခဲ့ကြသူများနှင့် ပြည်သူများ တစ်ခဲနက် လာရောက်လေ့လာကြည့်ရှုကြသည်။

### တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက နွေးထွေးစွာ ကြိုဆို

ပြခန်းများနှင့်အရောင်းဆိုင်များရှိရာ တပေါင်းကွင်းအတွင်းသို့ လာရောက်ကြသည့် ပြည်သူများကို သတ်မှတ်နေရာများအလိုက် နေရာယူထားကြသည့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များက နွေးထွေးစွာကြိုဆိုကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရိုးရာယဉ်ကျေးမှုဆိုင်ရာ ဗဟုသုတများ၊ ဒေသန္တရဗဟုသုတများကို အဖွဲ့လိုက် မျှဝေပေးကြသည်။

ထို့ပြင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ပါဝင်ပြသခဲ့သည့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးနှင့် ဝန်ကြီးဌာနများမှ ဂုဏ်ပြုယာဉ်များတွင် ပြည်သူများ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို ချစ်ခင်တန်ဖိုးထားတတ်စေရန် ရည်ရွယ်၍ ဒေသအလိုက် တိုင်းရင်းသားများ၏ အထိမ်းအမှတ်များ၊ လူနေမှုစရိုက်များ၊ ဓလေ့ထုံးတမ်းအစဉ်အလာများ၊ ဒေသထွက်ကုန်များနှင့် ဝန်ကြီးဌာနများအလိုက် ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်ချက်များကို စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

ကြေးမုံ

# ညီညွတ်သည့်ပြည်တွင်းအင်အားဖြင့် နိုင်ငံတော်ကိုကာကွယ်တည်ဆောက်

"လွတ်လပ်ရေးဆိုတာ ဖျတ်ခနဲဆုံးရှုံးသွားတတ်တဲ့သဘောရှိပြီး ဆုံးရှုံးသွားပြီးမှ ပြန်လည်ရယူဖို့ ကြိုးစားတာဟာ နှစ်နဲ့ချီပြီး ကြာရှည်တတ်တဲ့သဘောရှိပါတယ်။ ဒါကြောင့်မို့လို့ လွတ်လပ်ရေးနဲ့အချုပ်အခြာအာဏာ ကမ္ဘာတည်သရွေ့ အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး စည်းလုံးညီညွတ်စွာ အတူလက်တွဲပြီး ဆက်လက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြဖို့ အလေးအနက်ထားတိုက်တွန်းပြောကြားအပ်ပါတယ်" ဟု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုအခမ်းအနားတွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် နယ်ချဲ့အင်္ဂလိပ်တို့နှင့် မတရားကျူးကျော်စစ်ကို သုံးကြိမ်ဆင်နွှဲခဲ့ရသည်။ ၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲကို အတိအလင်းကြေညာပြီးနောက် မြန်မာပိုင်နက် နယ်နိမိတ်ဧရာဝတီမြစ်အောက်မြစ်စဉ် စစ်ကြောင်းတစ်လျှောက်တွင် မြန်မာစစ်သည်များက သက်စွန့်ကြိုးပမ်းခုခံတွန်းလှန်ခဲ့ကြသော်လည်း လက်နက်အင်အားကွာခြားမှုကြောင့် အရှုံးပေးခဲ့ရပြီး ၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့တွင် မြန်မာဘုရင် ပါတော်မူကာ တစ်တိုင်းပြည်လုံး ကျွန်ဘဝသို့ ကျရောက်ခဲ့ရသည်။ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာသည် ရက်ပေါင်း ၂၀ ကျော်အတွင်း ဆုံးရှုံးသွားခဲ့ရသည်။ ၁၈၂၄ ခုနှစ် ပထမ အင်္ဂလိပ်- မြန်မာစစ်ပွဲမှစတင်၍ ၁၉၄၈ ခုနှစ်အထိ ဆုံးရှုံးသွားသော မြန်မာတို့၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရရှိအောင် ကြိုးပမ်းအားထုတ်ခဲ့ရသည်မှာ နှစ်ပေါင်း ၁၂၃ နှစ် ကြာခဲ့ပေသည်။

ထို့ကြောင့် နှစ်ပေါင်းထောင်ချီ တည်တံ့ခိုင်မြဲခဲ့သည့် လွတ်လပ်ရေးကို စနစ်တကျ ကြိုတင်ပြင်ဆင်၍ ခေတ်အမြင်ဖြင့် ကာကွယ်စောင့်ရှောက်ခြင်းမပြုနိုင်ပါက အချိန်တိုအတွင်း အလွယ်တကူဆုံးရှုံးသွားခဲ့ရသည်ကို သင်ခန်းစာယူပြီး နှစ်ပေါင်းတစ်ရာကျော် အသက်ပေါင်း၊ ဘဝပေါင်းများစွာ ပေးဆပ်ပြီးမှ ရယူခဲ့ရသည့် လွတ်လပ်ရေးကို ကမ္ဘာတည်သရွေ့ အဓွန့်ရှည်တည်တံ့ခိုင်မြဲနေစေရန်အတွက် အဘက်ဘက်တွင် ကြိုတင်ပြင်ဆင်၍ ခေတ်အမြင်ဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။ အဘက်ဘက်တွင် ကြိုတင်ပြင်ဆင်ထားရမည်ဆိုရာ၌ နိုင်ငံတော်၏တပ်မတော်ကြီးကို အင်အားတောင့်တင်းခိုင်မာသည့် ခေတ်မီတပ်မတော်ကြီးအဖြစ် တည်ဆောက်ထားရမည်ဖြစ်သလို တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်မှုနှင့် နိုင်ငံ၏စနေအင်အား တောင့်တင်းခိုင်မာစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မြန်မာနိုင်ငံ၏ သမိုင်းပေးတာဝန်အရပ်ရပ်တို့အပေါ်မူတည်၍ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ် ချမှတ်ကာ မြန်မာနိုင်ငံ၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ အဓွန့်ရှည်ကြာ တည်တံ့ခိုင်မြဲနေစေရန်အတွက် အဘက်ဘက်တွင် မလစ်ဟင်းစေရအောင် ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ဖြတ်သန်းလာခဲ့သော သမိုင်းကြောင်းအတွေ့အကြုံများအရ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အသင့်လျော်ဆုံးဖြစ်သော "စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေး"နှင့် "ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး"ဟူသည့် နိုင်ငံရေးရည်မှန်းချက်(၂)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ ထို့အပြင် ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဖြစ်၍ "တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး"ဟူသည့် အမျိုးသားရေးမူဝါဒ(၂)ရပ်တို့ကို ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ ဦးတည်ကြိုးပမ်းဆောင်ရွက်နေသည်။

တစ်ဆက်တည်းတွင် လွတ်လပ်ရေးရပြီးကတည်းက လက်နက်ကိုင်ပဋိပက္ခများနှင့်ကြုံတွေ့ခဲ့ရသည့် နိုင်ငံတော်နှင့်ပြည်သူအကျိုးကိုရှေးရှုပြီး သက်ဆိုင်သူအားလုံးက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးကို စိန်ရတုလွတ်လပ်ရေးနေ့မှစတင်၍ အားသွန်ခွန်စိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ အနာဂတ်နှင့်မျိုးဆက်များအတွက် ကောင်းသောအမွေထားရှိနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ တိုင်းပြည်၏အင်အားသည် ပြည်တွင်းမှာသာရှိသည်ကို မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ခဲ့သည့် သမိုင်းကြောင်းတစ်လျှောက်တွင် ပြဆိုထားပြီးဖြစ်၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ ညီညွတ်ရေး၊ ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရေးတို့အတွက် ပြည်တွင်းအင်အားဖြင့် ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## မြန်မာပြည်ဗုဒ္ဓဘာသာပုညကုသလအသင်းကြီး အကြိမ် (၁၀၀) မြောက် ပိဋကတ်တော်အကြိုလှူဒါန်းပွဲနှင့် အမှုဆောင်အသစ်ဩဝါဒခံယူပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

မြန်မာပြည်ဗုဒ္ဓဘာသာပုညကုသလအသင်းကြီး (B.B.M.A)၏ အကြိမ် (၁၀၀) မြောက် ပိဋကတ်တော်အကြိုလှူဒါန်းပွဲနှင့် အမှုဆောင်အသစ်ဩဝါဒခံယူပွဲကို ဇန်နဝါရီ ၂ ရက် ညနေ ၄ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၁၄) လမ်းရှိ အသင်းကြီး၏ ရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး အမှုဆောင်အဖွဲ့အသစ်မှ ဩဝါဒခံယူပွဲအကြောင်းကို အသင်းကြီး၏ နာယကဖြစ်သူ ဦးကျော်ခင်မြင့်က တင်ပြလျှောက်ထားသည်။ ယင်းနောက် အသင်းကြီး၏ ဩဝါဒါစရိယဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိရိယာနန္ဒ (ကမ္ဘောဇ) ဆရာတော်အား အမှုဆောင် အဖွဲ့သစ်များက သင်္ကန်းခြင်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဆရာတော်ထံမှ အမှုဆောင်အဖွဲ့သစ်က ဩဝါဒကထာ ခံယူကာ အနုမောဒနာတရား နာယူကြကြောင်း သိရသည်။ **ကျော်ဆန်းမြင့်**





နယ်စပ်ရေးရာဝန်ကြီးဌာနက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် သီတင်းသုံးနေထိုင်တော်မူကြသော ဆရာတော်၊ သံဃာတော်များ၊ ရှင်သာမဏေများနှင့် သီလရှင်များ ဆွမ်းကိစ္စ ခက်ခဲပင်ပန်းမှု မရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပေးလျက်ရှိရာ ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက နယ်စပ်ရေးရာဝန်ကြီးဌာန မြဝတီမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ တာဝန်ရှိသူများ ငွေရိပ်သာဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ နှင့် ပဲ တို့ကို သွားရောက်ဆက်ကပ်လှူဒါန်းကြစဉ်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၅ - ၁ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၈၀၀ | ၅၆ | ၄၈၈,၂၀၀ |
| MTSH | ၃,၃၀၀ | ၃,၃၀၀ | ၆၆၁ | ၂,၁၈၁,၃၀၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၃ | ၂၃,၁၀၀ |
| FPB | ၁၈,၅၀၀ | ၁၉,၅၀၀ | ၁,၀၅၁ | ၁၉,၅၀၃,၅၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၂၄၀ | ၆၁၇,၁၅၀ |
| EFR | ၂,၇၅၀ | ၂,၇၅၀ | ၄ | ၁၁,၀၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၇၉ | ၃၈၇,၁၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇန်နဝါရီ ၅

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၂၃၀.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၅.၅၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၁.၈၅၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၈.၅၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၄၃၅ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၃၂.၉ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၆၇.၇ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၈၄.၄ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၅.၄၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေး



နေပြည်တော် ဇန်နဝါရီ ၅

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်နှင့် ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း၊ “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)မှ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)မှ ဒုတိယဥက္ကဋ္ဌ(၂)စဝ်ခွန်ဆိုင်နှင့် ငြိမ်းချမ်းရေးဆွေးနွေးရေးကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့သုံးဖွဲ့ကိုယ်စား “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP) ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကုတို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ယင်းနောက် ဆွေးနွေးပွဲတွင် ဆွေးနွေးမည့်အကြောင်းအရာ၊ အစီအစဉ်များကို ဦးစွာ နှစ်ဖက်ညှိနှိုင်းပြီး ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးပွဲသဘောတူညီချက်များအရ ယခုတတိယအကြိမ်၌ ဆက်လက်ဆွေးနွေးရန် ကျန်ရှိသည့်ကိစ္စရပ်များနှင့် အဖွဲ့အသီးသီး၏ နိုင်ငံရေးလိုလားချက်များကို နှစ်ဖက်အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ ထို့နောက် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကို တည်ဆောက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ အခြေခံကျသောပုဒ်မများကို ပြင်ဆင်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး တွေ့ဆုံဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားခဲ့သည်။ ဆွေးနွေးပွဲ ဒုတိယနေ့ကို ဇန်နဝါရီ ၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ စီစဉ်ဆောင်ရွက်ရေးလုပ်ငန်းကော်မတီနှင့် နေပြည်တော်ကိုယ်စားပြုဂုဏ်ပြုယာဉ် တည်ဆောက်ရေးဆပ်ကော်မတီတို့ကို ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ




နေပြည်တော် ဇန်နဝါရီ ၅

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ စီစဉ်ဆောင်ရွက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌက စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ စီစဉ်ဆောင်ရွက်ရေးလုပ်ငန်းကော်မတီနှင့် နေပြည်တော်ကိုယ်စားပြု ဂုဏ်ပြုယာဉ် တည်ဆောက်ရေး ဆပ်ကော်မတီတို့အား ဂုဏ်ပြုချီးမြှင့်သည့်အခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်တောင်ဘက်တပေါင်းကွင်းအတွင်းရှိ ပြခန်းများကွပ်ကဲရေးမှူးရုံး၌ ကျင်းပသည်။

ဦးစွာ (၇၅)နှစ်မြောက် အထိမ်းအမှတ်ပြခန်းများ စီစဉ်ဆောင်ရွက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က နေပြည်တော်ကိုယ်စားပြု ဂုဏ်ပြုယာဉ် တည်ဆောက်ရေးဆပ်ကော်မတီကို ဂုဏ်ပြုယာဉ် အထူးဆုတံဆိပ်၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ ဆောက်လုပ်ရေး ဆပ်ကော်မတီနှင့် ဖွင့်ပွဲအခမ်းအနားကျင်းပရေး ဆပ်ကော်မတီအား ဂုဏ်ပြုဆုတံဆိပ်၊ အထိမ်းအမှတ်ပြခန်းများ ဆောက်လုပ်ရေးဆပ်ကော်မတီနှင့် နေပြည်တော်ကိုယ်စားပြု ဂုဏ်ပြုယာဉ် တည်ဆောက်ရေးဆပ်ကော်မတီအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဂုဏ်ပြုဆုငွေကျပ်သိန်း ၁၀၀၊ အထိမ်းအမှတ်ပြခန်းများ ဆောက်လုပ်ရေးဆပ်ကော်မတီနှင့် နေပြည်တော်ကိုယ်စားပြု ဂုဏ်ပြုယာဉ် တည်ဆောက်ရေးဆပ်ကော်မတီအား ဂုဏ်ပြုဆုငွေကျပ် ၂၅ သိန်းတို့ကို ချီးမြှင့်ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်နှင့် နေပြည်တော်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်နွယ်နီထွန်းတို့က လက်ခံရယူကြသည်။

ဆက်လက်၍ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ စီစဉ်ဆောင်ရွက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌက စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေကျပ် ၂၅ သိန်းချီးမြှင့်ရာ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ဦးစီးအရာရှိ(ပထမတန်း) ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဇော်က လည်းကောင်း၊ နေပြည်တော်ကိုယ်စားပြု ဂုဏ်ပြုပြခန်းများ အုပ်ချုပ်မှုနှင့် ပြခန်း/ဂုဏ်ပြုယာဉ်များ နေရာစီစဉ်ချထားရေးဆပ်ကော်မတီအား ဂုဏ်ပြုဆုတံဆိပ်ပေးအပ်ရာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးနှင့် နေပြည်တော်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်နွယ်နီထွန်းတို့က လည်းကောင်း၊ နေပြည်တော်အထိမ်းအမှတ်ပြခန်းနှင့် ရိုးရာအစားအစာပြခန်းများ စီစဉ်ဆောင်ရွက်ရေးဆပ်ကော်မတီအား ဂုဏ်ပြုဆုတံဆိပ်ချီးမြှင့်ရာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်၊ နေပြည်တော် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဇော်နှင့် နေပြည်တော်စက်မှုကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဟိန်းဇော်တို့က လည်းကောင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီအား ဂုဏ်ပြုဆုတံဆိပ်ချီးမြှင့်ရာ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်တို့က လည်းကောင်း၊ လုံခြုံရေးဆပ်ကော်မတီအား ဂုဏ်ပြုဆုတံဆိပ်ချီးမြှင့်ရာ လုံခြုံရေးဆပ်ကော်မတီမှ တာဝန်ရှိသူများက လည်းကောင်း၊ အထိမ်းအမှတ်ပြခန်းများ စီစဉ်ဆောင်ရွက်ရေးလုပ်ငန်းကော်မတီအား ဂုဏ်ပြုဆုတံဆိပ်ချီးမြှင့်ရာ လုပ်ငန်းကော်မတီ အတွင်းရေးမှူး နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်က လည်းကောင်း လက်ခံရယူကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ၊ ရိုးရာအစားအစာပြခန်းများနှင့် ဂုဏ်ပြုယာဉ်များ ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပင်းတယမြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ပင်းတယ ဇန်နဝါရီ ၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျားကုန်းခေတ်မီစံပြကျေးရွာနှင့် စကြာကုန်းကျေးရွာတို့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက ဒေသဦးစီးမှူးများနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသဦးစီးမှူး ဦးသီဟန်လင်း၊ ပင်းတယမြို့နယ် ဦးစီးမှူး ဦးအောင်ကျော်နှင့် တာဝန်ရှိသူများသည် ကျားကုန်းခေတ်မီစံပြကျေးရွာတွင် ၄၀၀ ဗို့အားလိုင်း ပေ ၁၈၀၀ သွယ်တန်းခြင်း၊ နှစ်လက်မ ရေတင်ပိုက်သွယ်တန်းခြင်းနှင့် နှစ်လက်မ ရေဖြန့်ဝေပိုက်လိုင်း အရှည်ပေ ၄၀၀၀ သွယ်တန်းပြီးစီးမှုနှင့် အလျား ၁၀ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ခြောက်ပေရှိ ကျေးရွာစွန့်ပစ်အမှိုက်စုကန် တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒေသဦးစီးမှူးနှင့် တာဝန်ရှိသူများသည် စကြာကုန်းကျေးရွာတွင် ကျေးလက်ရေရရှိရေးအတွက် အနက်ပေ ၅၅၀ ရှိ လေးလက်မစက်ရေတွင်း တူးဖော်ပြီးစီးမှုနှင့် ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်၊ ရေစက်ရုံ တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျေးရွာရေပေးဝေရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားကြရန် မှာကြားပြီး ကျေးရွာမှတင်ပြချက်များအပေါ် လိုအပ်သည်များကို ဒေသဦးစီးမှူးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ၂၂၂

# (၇၅)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံခေါင်းဆောင်များထံမှ သဝဏ်လွှာများပေးပို့

## နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံသို့ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စ ချိုဆွန်းဟွာ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၅) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အဆွေတော် ကျန်းမာရွှင်လန်းစွာဖြင့် လုပ်ငန်းဆောင်တာများ ပိုမိုအောင်မြင်စေရန် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

## နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ထံသို့ ဆော်ဒီအာရေဗျနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖိုင်ဇယ် ဘင် ဖာဟန် အယ်လ် ဆာအုဒ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အဆွေတော် ကျန်းမာရွှင်လန်းစေရန်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် မြန်မာပြည်သူများ ပိုမိုတိုးတက် သာယာဝပြောပါစေကြောင်း နွေးထွေးလှိုက်လှဲစွာ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

# နိုင်ငံခြားရေးဝန်ကြီးဌာန ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၅**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဇနီး၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကိုကိုလှိုင်တို့က ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်ခြင်းခံရသည့် အငြိမ်းစားသံအမတ်ကြီးများ၊ ပြည်ပနိုင်ငံများတွင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ရ သံအမတ်ကြီးများ၊ ဝန်ကြီးဌာနရှိအဆင့်မြင့်အရာရှိကြီးများအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ Jasmine Nay Pyi Taw Hotel တွင် ကျင်းပသည်။



အဆိုပါဂုဏ်ပြုညစာစားပွဲသို့ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးနှင့် ဇနီး၊ သံအမတ်ကြီးများနှင့် ဇနီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဦးစီးဌာနအကြီးအကဲများ၊ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ တာဝန်ထမ်းဆောင်မှုအပေါ် နိုင်ငံတော်က အသိအမှတ်ပြုသည့်အတွက် ဂုဏ်ထူးဆောင်ဘွဲ့များကို ပေးအပ်ချီးမြှင့်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲရေး၊ တိုင်းကျိုး/ ပြည်ကျိုးကို ထူးခြားစွာဆောင်ရွက်သူများကို ချီးမြှင့်ခြင်းဖြစ်သည့်အတွက် ဂုဏ်ယူရသည့်အပြင် ထူးခြားသည့် စိန်ရတုလွတ်လပ်ရေးအခါသမယတွင် ချီးမြှင့်ခံရခြင်းဖြစ်သဖြင့် သံအမတ်ကြီးများ၏ ဘဝအတွက် အမှတ်တရနှင့် ဂုဏ်ယူဖွယ် အသိအမှတ်ပြုခံရခြင်းပင်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဂုဏ်ပြုညစာစားပွဲကျင်းပရခြင်းမှာ အချင်းချင်း ချစ်ခင်ရင်းနှီးမှုပိုမိုရရှိစေရန်၊ အတွေ့အကြုံများ ဖလှယ်နိုင်ရန်၊ စည်းလုံးညီညွတ်ပြီး အထက်အောက် အပြန်အလှန် လေးစားစေရန်နှင့် မိခင်ဝန်ကြီးဌာနနှင့် ပြည်ပရှိ သံရုံးများအကြား လုပ်ငန်းများ ပွင့်လင်းမြင်သာစွာဖြင့် ပူးပေါင်းဆောင်ရွက်မှုရှိစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသည့် ပြည်ထောင်စုဝန်ကြီးများနှင့် သံအမတ်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများက နိုင်ငံခြားရေးမူဝါဒနှင့် ပတ်သက်၍ အကောင်အထည်ဖော်နေမှု၊ လုပ်ငန်းလုပ်ဆောင်မှု၊ ပြည်ပနိုင်ငံများနှင့် ရှိရင်းစွဲဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပြီး ညစာကို အတူတကွသုံးဆောင်ကြသည်။

မွန်းလွဲပိုင်းကလည်း နိုင်ငံခြားရေးဝန်ကြီးဌာန ဧရာဝတီခန်းမ၌ ပြည်ထောင်စုဝန်ကြီးဦးဆောင်၍ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ပြည်ပမှ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ လက်ခံရယူရေးအတွက် မြန်မာနိုင်ငံသို့ တာဝန်ဖြင့် ခေတ္တပြန်လည်ရောက်ရှိနေသော သံအမတ်ကြီးများအကြား လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး ဦးဆောင်သောအဖွဲ့ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၅**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ယနေ့နံနက်ပိုင်းတွင် ဝန်ကြီးဌာန ဧည့်ခန်းမ၌ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E Mr. Mongkol Visitstump ဦးဆောင်သောအဖွဲ့ကို လက်ခံတွေ့ဆုံသည်။

### ဆွေးနွေး

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးက ကိုဗစ်အလွန်ကာလတွင် နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ တိုးမြှင့်လုပ်ဆောင်နိုင်ရေး၊ မြန်မာနိုင်ငံသို့ ထိုင်းခရီးသွားဧည့်သည်များ လာရောက်ရာတွင် ကျန်းမာရေးအာမခံဝယ်ယူထားရှိရေးနှင့် အဆင်ပြေချောမွေ့စွာ ဝင်ရောက်နိုင်ရေး၊ မြန်မာနိုင်ငံမှ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ရာတွင်လည်း ပိုမိုတိုးမြှင့်ပူးပေါင်းဆောင်ရွက်သွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် ခရီးသွားပြပွဲများ၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သောကဏ္ဍများတွင် ဝန်ကြီးဌာနနှင့် တိုးမြှင့်ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။



ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား လေကြောင်းပျံသန်းမှုများရှိသော်လည်း ခရီးသွားဧည့်သည်များ ပိုမိုလာရောက်နိုင်ရေးအတွက် ပျံသန်းမှုအကြိမ်ရေ တိုးမြှင့်နိုင်ရေး၊ ပြည်ပခရီးသွားဧည့်သည်များ ဝင်ရောက်ရာတွင် ကျန်းမာရေးအာမခံဝယ်ယူရေး အဆင်ပြေချောမွေ့မှုရှိစေရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားရေး၊ ထိုင်းနိုင်ငံမှ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်ရေး၊ ထိုင်းစီးပွားရေးလုပ်ကိုင်သူများ မြန်မာနိုင်ငံသို့ ပိုမိုလာရောက် ရင်းနှီးမြှုပ်နှံနိုင်ရေးတို့အတွက် နှစ်နိုင်ငံ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ပြန်လည်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မင်းတပ်မြို့၌ ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနား ကျင်းပ

**မင်းတပ် ဇန်နဝါရီ ၅**

မင်းတပ်မြို့၌ ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက်က မင်းတပ်မြို့ ဘဝသစ်ရပ်ကွက်ရှိ အဆိုပါလမ်းပေါ်တွင် ကျင်းပသည်။

အဆိုပါ ကတ္တရာလမ်းသစ်ကို စစ်နယ်မြေမှူး ဗိုလ်မှူးကြီး အောင်မြတ်ထွန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေမျိုးသန်း၊ မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဒေါ်မေသူလတ်နှင့် မြို့မိမြို့ဖ ဦးထန်းနိန် တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ထို့နောက် စစ်နယ်မြေမှူး ဗိုလ်မှူးကြီး အောင်မြတ်ထွန်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာအကြီးအကဲများနှင့် မြို့မိမြို့ဖများက ကတ္တရာလမ်းအား ကြည့်ရှုခဲ့ကြသည်။

အဆိုပါ ကတ္တရာလမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေ ကျပ်သိန်း ၂၀ ဖြင့် လမ်းအရှည် ပေ ၉၈၀၊ လမ်းအကျယ် ၁၂ ပေအား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဝေဖြိုး(ဇလပ်မြေ)**

## မြန်မာ့ပင်လယ်ပြင်

**နေပြည်တော် ဇန်နဝါရီ ၅**

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# အကျဉ်းထောင်များတွင် မကူးစက်နိုင်သောရောဂါများကို ကုသပေးနိုင်ရန်အတွက် ဆေးနှင့် ဆေးပစ္စည်းများမပြတ်လပ်အောင် စီစဉ်ထားရှိပေးရန်လိုအပ်



**နေပြည်တော် ဇန်နဝါရီ ၅**

အကျဉ်းထောင်များတွင် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံရှိ အကျဉ်းထောင်များတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနနှင့် ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အကျဉ်းထောင် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အကျဉ်းထောင်များ၌ တီဘီရောဂါရှာဖွေကုသရေးလုပ်ငန်းများ၊ ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ၊ အသည်းရောင်အသားဝါ ဘီ/စီရောဂါပိုး ရှာဖွေကုသရေးလုပ်ငန်းများကို ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနနှင့် ပူးပေါင်း၍ စနစ်တကျ ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းထောင် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများနှင့်အညီ အကျဉ်းထောင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အကျဉ်းဦးစီးဌာန၊ အကျဉ်းထောင်များနှင့် အကျဉ်းစခန်းများတွင် တာဝန်ရှိသူများနှင့် အကျဉ်းကျသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ အပါအဝင် ကူးစက်မြန်ရောဂါများ ကြိုတင်ကာကွယ်ရေးဆောင်ရွက်ရမည့် အချက်များနှင့်အညီ အကျဉ်းထောင်များနှင့် ရဲအချုပ်စခန်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး၊ ကိုဗစ်-၁၉ ရောဂါ စစ်ဆေးခြင်း၊ ကုသရေးလုပ်ငန်းများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းတို့ကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အကျဉ်းထောင်များတွင် မကူးစက်နိုင်သောရောဂါများ (ဥပမာ- သွေးတိုး၊ ဆီးချို)ကို ကုသပေးနိုင်ရန်အတွက် ဆေးနှင့် ဆေးပစ္စည်းများ မပြတ်လပ်အောင် စီစဉ်ထားရှိပေးရန်လိုအပ်ကြောင်း၊ အကျဉ်းထောင်အတွင်းတွင် တီဘီရောဂါလူနာများအား ပိုမိုကျယ်ပြန့်စွာ ကုသစောင့်ရှောက်မှုပေးနိုင်ရန်အတွက် အင်းစိန်ဗဟိုအကျဉ်းထောင်တွင် တီဘီလူနာဆောင် ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ပြီး အလားတူ အခြားအကျဉ်းထောင်များတွင်လည်း ထောင်အဝင်တွင် TB/HIV ရောဂါရှာဖွေကုသမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် အကျဉ်းထောင်များနှင့် အလုပ်စခန်းများသို့ Mobile Team များဖြင့် သွားရောက်၍ တီဘီလူနာရှာဖွေခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်သည် အကျဉ်းဦးစီးဌာနနှင့်ပူးပေါင်း၍ အင်းစိန်ဗဟို အကျဉ်းထောင်အတွင်း HIV ပိုးရှိသူများအတွက် ဆေးကုသမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထောင်အဝင် ကျန်းမာရေးစစ်ဆေးခြင်း၌ HIV ပိုးရှိ/မရှိစစ်ဆေးခြင်း၊ တီဘီရောဂါစစ်ဆေးခြင်းအပြင် အသည်းရောင်အသားဝါ စီပိုးစစ်ဆေးခြင်း၊ ကုသပေးခြင်းလုပ်ငန်းများကိုပါ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာနတို့နှင့် ပူးပေါင်း၍ အကျဉ်းထောင်များ၌ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ထို့ပြင် အကျဉ်းထောင်များ၌ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ တစ်ကိုယ်ရေသန့်ရှင်းမှုလုပ်ငန်းများ၊ မကူးစက်နိုင်သော ရောဂါများ ကာကွယ်တားဆီးရေးလုပ်ငန်းများ၊ ကပ်ရောဂါများ ကာကွယ်တားဆီးရေးလုပ်ငန်းများကိုလည်း စီစဉ်ဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း၊ ဆေးရုံများတွင်လည်း လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း။

အကျဉ်းထောင်များတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုကောင်းမွန်စေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနနှင့် ပူးပေါင်း၍ အကျဉ်းသားများအားလုံး ပိုမိုကောင်းမွန်သည့် ကျန်းမာရေးဝန်ဆောင်မှုရရှိနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရောဂါနှိမ်နင်းရေးဌာနခွဲနှင့် ကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲတို့မှ တာဝန်ရှိသူများက အကျဉ်းထောင်များအတွင်း တီဘီရောဂါရှာဖွေကုသရေးလုပ်ငန်းများ၊ ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ၊ အသည်းရောင်အသားဝါ စီရောဂါပိုး ရှာဖွေကုသရေးလုပ်ငန်းများကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူများက အကျဉ်းထောင်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်းကောင်း တင်ပြခဲ့ရာ တက်ရောက်လာသူများက ဆွေးနွေးခဲ့ပြီး ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးများနှင့် တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၅**

တိုင်းဒေသကြီး / ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်းများ တက်ရောက်ကြသည်။



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးများအနေဖြင့် မိမိတို့၏ အဓိက လုပ်ငန်းတာဝန်များအပြင် မြန်မာ့ပထဝီနိုင်ငံရေးနှင့် ကမ္ဘာ့ပထဝီနိုင်ငံရေးအကြောင်းတို့ကို ဆက်စပ်လေ့လာသိရှိထားရန် အရေးကြီးပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါအတိုင်း တိုင်းရင်းသား စည်းလုံးညီညွတ်မှုပိုမိုရရှိရေးနှင့် ငြိမ်းချမ်းရေးအတွက် မိမိတို့ဝန်ကြီးဌာနတွင်လည်း တာဝန်ရှိပါကြောင်း၊ တိုင်းရင်းသားစာပေ သင်ကြားရေးကိစ္စ၊ တိုင်းရင်းသား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးကိစ္စ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကိစ္စ၊ ငြိမ်းချမ်းရေးကိစ္စ၊ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ဆွေးနွေးကြရန်ဖြစ်ပါကြောင်း၊ မအားလပ်သည့်ကြားမှ မျက်မှောက်ကမ္ဘာ့နိုင်ငံရေးအခြေအနေများကို ဆွေးနွေးရန် တက်ရောက်ပေးပါသော အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်ကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က International Affairs Update News ခေါင်းစဉ်ဖြင့် မျက်မှောက်ကမ္ဘာ့နိုင်ငံရေး အခြေအနေများကိုလည်းကောင်း၊ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဟူသော စကားနှင့်အညီ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုအားကောင်းလာစေရန် ဆောင်ရွက်သင့်သည့် အချက်များကို လည်းကောင်း ဟောပြောဆွေးနွေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး/ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများက မိမိတို့ဆောင်ရွက်နေသည့်လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဖြေကြား၍ ပေါင်းစပ်ညှိနှိုင်းပေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ဆွေးနွေးပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို တိုးမြှင့်ဆောင်ရွက်ကြစေလိုပါကြောင်း၊ "ရည်မှန်းချက်ပန်းတိုင်ရောက်ဖို့ ရှေ့သို့လုပ်ဆောင်ကြစို့" Keep Moving Forward to Achieve Our Goal ဆိုသည့်အတိုင်း အလုပ်ကို ရှေ့တိုးလုပ်ဆောင်ကြရန် လိုအပ်ပါကြောင်း နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

# လွတ်လပ်ရေးနေ့ဂုဏ်ပြုဆောင်းပါးပြိုင်ပွဲ ဆုရသူများအား ဂုဏ်ပြုဆုချီးမြှင့်

**ရန်ကုန် ဇန်နဝါရီ ၅**

ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်း၏ကြီးကြပ်မှု၊ ဗဟန်းမြို့နယ် သတင်းစာဆရာအသင်း၏ဦးဆောင်မှုဖြင့် ကျင်းပသော (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဆောင်းပါးပြိုင်ပွဲတွင် ဆုရသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၅ ရက် မွန်းတည့် ၁၂ နာရီက ဗဟန်းမြို့နယ် အာဇာနည်ကုန်း သွေးဆေးကန်အနောက်ဘက်ရှိ ကြီးငါးကြီးဆုတောင်းပြည့်ဘုရားရင်ပြင်၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးခင်မောင်မြင့်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဗဟန်းမြို့နယ် သတင်းစာဆရာအသင်းဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ သုဓမ္မမဏိဇောတဓရ ဦးစိုးသန်းထွန်း(လူမှုထူးချွန် တတိယ)က ပြိုင်ပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အကဲဖြတ်အဖွဲ့ဒိုင်ချုပ် ဦးသက်တင်(ဆရာမောင်သာတင့်)က ဆုရွေးချယ်ရေးစည်းမျဉ်းများနှင့် ဆုရွေးချယ်ပုံတို့ကို ရှင်းလင်းပြောကြားပြီး အကဲဖြတ်ဒိုင်များအား ဗဟန်းမြို့နယ် သတင်းစာဆရာအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

ထို့နောက် ပထမဆုရ သစ္စာဝါဒီ ဦးမြင့်အောင်၊ ဒုတိယဆုရ သန်းဝင်းထွန်း(ဆွာ)၊ တတိယဆုရ ရွှေတိုင်လွင်(ကြည့်မြင်တိုင်)၊ နှစ်သိမ့်ဆုရ ရင်ငြိမ်းအေး(မေတ္တာမြေ)၊ ရွှေဘုတ်(အင်းစိန်)နှင့် ဝင်းဇော်(သုံးဆယ်)တို့အား ဆုများချီးမြှင့်ခဲ့ပြီး ဆုရသူများကိုယ်စား သစ္စာဝါဒီ ဦးမြင့်အောင်က ကျေးဇူးတင်စကားပြန်လည် ပြောကြားပေးခဲ့သည်။ **တင်ဝင်းတင်**



# မင်းရန်အောင်ပန်းချီကား (သို့မဟုတ်) မော်ဖဒေသပုံရိပ်များ

**မြင့်စိုး(နတလ)**

**အသက်(၈၈)နှစ် စစ်သားအိုကြီး၏ ဆန္ဒမွန်**

"အဘခင်ဗျာ....အဘနှင့်အတူ လိုက်ပါခွင့်ရခဲ့တဲ့ မက်မန်းဒေသခရီးစဉ်အကြောင်းကို သတင်းစာမှာ ဆောင်းပါးရေးခွင့်ပြုပါခင်ဗျာ"

ရန်ကုန်မြို့ရှိ အဘဦးညွန့်ဆွေ (ဒုတိယဝန်ကြီး-ငြိမ်း)၏ နေအိမ်သို့ရောက်ရှိစဉ် အဘနှင့်အမေဒေါ်သက်ဆွေ (မသက်ဆွေ-သရက်) တို့အားရှိခိုးကန်တော့ပြီးချိန်၌ ကျွန်တော်က ထိုကဲ့သို့ခွင့်တောင်းလိုက်ခြင်းဖြစ်ပါသည်။ ခွင့်တောင်းရခြင်းအကြောင်းရင်းကလည်း ခိုင်ခိုင်လုံလုံရှိနေပါ၏။ အဘဦးညွန့်ဆွေဆိုသည်က တပ်မတော်သားဘဝ၌ အမှတ် (၇၇) ခြေမြန်တပ်မဌာနချုပ်၏ ဒုတိယတပ်မမှူးတာဝန် ထမ်းဆောင်ခဲ့ပြီး သံလွင်အရှေ့ခြမ်း မော်ဖဒေသထဲမှာ ခြေကုပ်ယူထားသော ဗကပများအား မင်းရန်အောင်စစ်ဆင်ရေးဖြင့် တိုက်ခိုက်ချေမှုန်းရာ၌ အနီးကပ်ဦးစီးကွပ်ကဲခဲ့သူဖြစ်ပါသည်။ ထို့အတူ မင်းရန်အောင်စစ်ဆင်ရေးကြီးတစ်ခုလုံးကို အောင်မြင်အောင် စီစဉ်ညွှန်ကြားပုံဖော်ခဲ့သူမှာ စစ်ဆင်ရေးအထူးအဖွဲ့မှူး ဗိုလ်ချုပ်ကြီးထွန်းရီဖြစ်သည်။ အဘဦးညွန့်ဆွေ(ဗိုလ်မှူးကြီး-ငြိမ်း)သည် စာရေးဆရာ မောင်ဆွေသက်ကလောင်အမည်ဖြင့် "ကဒူးမမှ မော်ဖသို့" စာအုပ်ကိုလည်းကောင်း၊ "အများအခေါ် နပိုလီယန်၊ ကျွန်တော့်အာဘော် စစ်မှော်အောင်သော စစ်ချန်ပီယံ ဗိုလ်ချုပ်ကြီးထွန်းရီ" စာအုပ်ကိုလည်းကောင်း ရေးသားထုတ်ဝေပြီးဖြစ်ပါသည်။

အဘဦးညွန့်ဆွေနှင့်အဖွဲ့ မက်မန်းဒေသသို့ သွားလာရေး၊ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးကအစ အစစအရာရာ အဆင်ပြေချောမွေ့စေရန် တပ်မတော်အကြီးအကဲက လမ်းညွှန်ကူညီပေးခဲ့ပါသည်။ သွားရောက်ခဲ့သည့်အချိန်ကာလမှာ ၂၀၂၂ ခုနှစ် ဧပြီလ ၄ ရက်နေ့မှ ၇ ရက်နေ့အထိဖြစ်သည်။ အဘဦးညွန့်ဆွေနှင့်အတူ ဇနီးဖြစ်သူ အမေဒေါ်သက်ဆွေ (စာရေးဆရာမကြီး မသက်ဆွေ-သရက်)၊ ဗိုလ်မှူးကြီးသိန်းမြင့်(ငြိမ်း)၊ ဗိုလ်မှူးကြီးတင်ဝင်း (ငြိမ်း)၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ်(ငြိမ်း)တို့ လိုက်ပါခဲ့ကြသည်။ ထိုခရီးစဉ်နှင့် မရှေးမနှောင်းဖြစ်သော ၂၀၂၂ ခုနှစ် မတ်လ ၄ ရက်နေ့နှင့် ၅ ရက်နေ့တို့တွင် ကျွန်တော်က မက်မန်းဒေသသို့ တစ်ခေါက်ရောက်ထားပြီးဖြစ်သည်။ သည့်အတွက်ကြောင့်လည်း အဘကြီးများခရီးစဉ်မှာ အထောက်အကူရစိမ့်သောငှာ ကျွန်တော့်အား အတူလိုက်ပါရန် အထက်ဌာနက တာဝန်ပေးခြင်းဖြစ်ပါလိမ့်မည်။ မှတ်မှတ်ရရဖြစ်သွားသည်ကတော့ ၂၀၂၂ ခုနှစ် ဧပြီလ ၁ ရက်နေ့မှာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ဒုတိယဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။ ဧပြီလ ၂ ရက်နေ့တွင် ရန်ကုန်မှ နေပြည်တော်သို့ ထွက်ခွာသည်။ ဧပြီလ ၃ ရက်နေ့က တနင်္ဂနွေနေ့၊ ထိုနေ့ညမှာ သက်ဆိုင်ရာက



မက်မန်းမြို့နယ် ပြန်/ဆက်ရုံး၌ စာအုပ်များ လှူဒါန်းစဉ်။

ဖုန်းဝင်လာသည်။ မနက်ဖြန် ဧပြီလ ၄ ရက်နေ့ လေယာဉ်နှင့် ကျိုင်းတုံသို့လိုက်ပါရန် ဖြစ်ပါသည်။ ပြည်ထောင်စုဝန်ကြီးထံ ဖုန်းဖြင့် သတင်းပို့ပြီး နောက်နေ့နံနက်မှာ ကျွန်တော်နေပြည်တော်လေဆိပ်သို့ ဆင်းစောင့်သည်။ တပ်မတော်လေယာဉ် ဆိုက်ရောက်လာချိန်မှာ အဘဦးညွန့်ဆွေတို့အဖွဲ့ကို တွေ့လိုက်ရသဖြင့် ကျွန်တော်ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်ကို သဘောပေါက်သွားပါသည်။

ပြီးခဲ့သည့် မတ်လဆန်းမှာ မက်မန်းသို့ ရောက်ရှိခဲ့စဉ် သတင်းစကားတစ်ခုကြားခဲ့သည်။ ဗိုလ်မှူးကြီးညွန့်ဆွေ(ငြိမ်း) သည် မက်မန်းဒေသသို့ လာရောက်လေ့လာကြည့်ရှုပြီး စာရေးဦးမည်ဆိုသည့် သတင်းစကားပင်ဖြစ်၏။ ထိုစဉ်ကာလတုန်းကတော့ အဘဦးညွန့်ဆွေနှင့်အတူ မက်မန်းသို့ ကျွန်တော်ပြန်လည်လိုက်ပါရလိမ့်မည်ဟု လုံးဝထင်မထားမိခဲ့ပါချေ။ အဘနှင့်ဆုံသည့်အခါ အတူလိုက်ပါခွင့်ရသည့်အခါကျမှ သူ၏ရင်တွင်းဆန္ဒတစ်ခုကို သိနားလည်ခွင့်ရခဲ့သည်။ "၁၉၇၉ ခုနှစ်မှာ ကျားကုတ်ကျားခဲတိုက်ယူခဲ့ရတဲ့ အချက်အချာတောင်ကုန်းတွေကို တစ်ခါလောက်တော့ ပြန်ကြည့်ချင်မိတယ်။ ပြီးတော့ မက်မန်းဒေသ(မော်ဖဒေသ) မှာ ပြောင်းလဲတိုးတက်နေတဲ့အခြေအနေတွေကိုလည်း သွားလေသူ ဆရာသမား (ဗိုလ်ချုပ်ကြီးထွန်းရီ) တမလွန်ကနေ သိစေချင်တယ်။ အရင်ရေးပြီးသား အကြောင်းအရာတွေပေါ်မှာ ဒါတွေကိုပါ ထပ်မံဖြည့်စွက်ပြင်ဆင်ပြီးတော့ ဗိုလ်ချုပ်ကြီးထွန်းရီကို ဂုဏ်ပြုချင်ပါသေးတယ်"ဟူ၏။ ထိုကဲ့သို့သိထားသောကြောင့် အဘဦးညွန့်ဆွေ ဘာမှမရေးသေးမီ ကျွန်တော်က ကြိုတင်ရေးသားခြင်းမပြုလိုပါ။ သည့်အတွက် ဧပြီလ မက်မန်းခရီးစဉ်မှအပြန် ကျွန်တော် ဆောင်းပါးမရေးဖြစ်ခဲ့ပါ။ ယခုအဘ၏ ခွင့်ပြုချက်ရခဲ့ပါပြီ။

**နေပြည်တော်-တာချီလိတ်-ကျိုင်းတုံ**

ရန်ကုန်မှ ထွက်ခွာလာသော တပ်မတော်လေယာဉ်ကြီးသည် နေပြည်တော်လေဆိပ်သို့ ဧပြီလ ၄ ရက်နေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် ဆိုက်ရောက်လာပါသည်။ လေယာဉ်ပေါ်မှာတော့ အဘဦးညွန့်ဆွေတို့အဖွဲ့အပြင် တပ်မတော်မှ အရာရှိစစ်သည်၊ ရဲမေများလိုက်ပါလာသည်ကို တွေ့ရ၏။ ကျွန်တော်က အဘနှင့်အမေအား ရိုသေစွာနှုတ်ဆက်ဂါရဝပြုလိုက်ပါသည်။ ပထမဆုံးအကြိမ် မြင်ဖူး၊ တွေ့ဖူး၊ စကားပြောဖူးခြင်းဖြစ်၏။ ဒုတိယဝန်ကြီး (ငြိမ်း)၊ ဗိုလ်မှူးကြီး(ငြိမ်း)ဆိုသည်ထက် စာရေးဆရာကြီး မောင်ဆွေသက်နှင့် စာရေးဆရာမကြီး မသက်ဆွေ (သရက်)ကို ဂါရဝပြုနေသည်ပါလားဆိုသည့် အတွေးစိတ်က ပိုမိုလွှမ်းမိုးနေကြောင်း သတိပြုမိသည်။ ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ် (ငြိမ်း) က ရင်းနှီးပြီးဖြစ်သလို အဘကြီး ဦးသိန်းမြင့် (ဗိုလ်မှူးကြီး-ငြိမ်း) ကလည်း ကျွန်တော်တို့ စစ်တက္ကသိုလ်တက်ရောက်စဉ်က ဆရာဖြစ်ပါသည်။ ဗိုလ်မှူးကြီးတင်ဝင်း (သံအမတ်ကြီး-ငြိမ်း)ကိုတော့ အခုမှတွေ့ဖူးမြင်ဖူးပါသည်။ လေယာဉ်က တံတားဦးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ခေတ္တဆင်းသက်ပြီး ဆက်လက်ထွက်ခွာခဲ့ရာ နံနက် ၁၁ နာရီ ၂၀ မိနစ်တွင် တာချီလိတ်မြို့သို့ ဆိုက်ရောက်ပါသည်။ စစ်သည်၊ ရဲမေများ အတက်အဆင်းပြုလုပ်နေကြစဉ် အဘဦးညွန့်ဆွေနှင့်အဖွဲ့သည် တာချီလိတ်မြို့ထဲက နဂါးနှစ်ကောင်ကျောင်းတိုက်သို့ သွားရောက်ပြီး ဆရာတော်ကြီးအား ဖူးမြော်ကန်တော့ကြသည်။

**"၁၉၇၉ ခုနှစ်မှာ ဗကပဗဟိုကို ပန်ဆန်းကို ရွှေ့လာပြီး အသံလွှင့်ရုံတွေ၊ လက်နက်ပြင်ရုံတွေ၊ လူနေအိမ်တွေ၊ ရုံးတွေ အခိုင်အမာတည်ဆောက်ခဲ့တယ်။ ကွပ်ကဲမှုဌာနချုပ် ဖွင့်လှစ်လိုက်တဲ့သဘောပဲ။ နယ်စပ်ဒေသ ပန်ဆန်းမြို့ကို အခြေပြုပြီး ကိုးကန့်ဒေသ၊ "ဝ"ဒေသ မြောက်ပိုင်းနဲ့ တောင်ပိုင်းအပါအဝင် သံလွင်မြစ် အရှေ့ခြမ်းတစ်ခုလုံးကို သီးခြားကွန်မြူနစ်နိုင်ငံထူထောင်ဖို့အထိ လုပ်လာနိုင်တယ်။ ဒီလိုဖြစ်လာမှာကို ကစထမှူးဗိုလ်ချုပ်ကြီးထွန်းရီက အထူးစိုးရိမ်တယ်။ ဒါကြောင့် ကာကွယ်ရေးဦးစီးချုပ်နဲ့ ဥက္ကဋ္ဌကြီး ဦးနေဝင်းထံတင်ပြခဲ့ပြီး မော်ဖဒေသမှာ မင်းရန်အောင်စစ်ဆင်ရေးကြီးကို ဆင်နွှဲခဲ့တာဖြစ်တယ်"**

သက်တော် (၉၄) နှစ်ရှိ ဆရာတော်ကြီးအား ပထမဆုံးအကြိမ် ကျွန်တော် ဖူးမြော်ခွင့်ရခြင်းဖြစ်၍ ဝမ်းသာပီတိဖြစ်လိုက်ပါဘိ။ ကျိုင်းတုံသို့ ဆိုက်ရောက်ပြီး မွန်းလွဲပိုင်းတွင်လည်း ဝစီပိတ် ဆရာတော်ကြီးအား ပထမဆုံးအကြိမ် ဖူးမြော်ခွင့်ရခဲ့ပြန်ပါသည်။ ဆရာတော်ကြီးနှင့်အတူ ဗုဒ္ဓဥယျာဉ်တော်သို့ လှည့်လည်ဖူးမြော်ကြည်ညိုခဲ့ကြပါသည်။

**သံခမောက်ကုန်းနှင့် ပွိုင့် ၆၀၀၀ ကုန်း**

ဧပြီလ ၅ ရက်နေ့ နံနက် ၉ နာရီအချိန် ကျိုင်းတုံမှ ရဟတ်ယာဉ်ဖြင့် ထွက်ခွာခဲ့ကြသည်။ မက်မန်းသို့ ပျံသန်းချိန် ၄၅ မိနစ်မျှသာ။ နယ်ခြားစောင့်တပ်ရင်းမှာ တည်းခိုကြသည်။ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူးလည်း လိုက်ပါလာခဲ့၏။ ရိပ်သာတွင် ခေတ္တခဏနားကြပြီးနောက် ပထမဆုံးသွားရောက်ကြည့်ရှုကြသည်ကတော့ သံခမောက်ကုန်းနှင့် ပွိုင့် ၆၀၀၀ ကုန်းများ ဖြစ်သည်။ ၂၀၁၈ ခုနှစ်ထဲမှာ ကျွန်တော် မက်မန်းကိုစတင်ရောက်ဖူးခဲ့သည်။ သည်ကုန်းများဘေးကနေဖြတ်ပြီး ပွိုင့် ၆၀၂၈ ကုန်းကို သွားရောက်ကြည့်ရှုခဲ့ဖူးသည်။ သို့သော် ဒါက သံခမောက်ကုန်း၊ ဒါက ပွိုင့် ၆၀၀၀ ကုန်းဟူ၍ ပြောပြမည့်သူမရှိခဲ့။ ယခုတော့ ကျွန်တော် ကြည့်ခွင့်၊ မြင်ခွင့်၊ ကြားသိခွင့်ရပေပြီ။

သို့သော် အဘဦးညွန့်ဆွေက သံခမောက်ကုန်းသို့ အရောက် သူ၏တပည့်ကျော် ဗိုလ်မှူးသီဟသူရ မောင်ရီကို အထူးပင်သတိရသွားပုံပေါ်သည်။ သူ့ထံမှ ဝမ်းနည်းစကားသံကို ဤကဲ့သို့ကြားလိုက်ရပါသည်-

"ဒီကုန်းကို တိုက်ရင်းကျသွားတဲ့ ခမရ ၁၀၁ ယာယီခွဲမှူး(ဗိုလ်မှူး) ဗိုလ်ကြီးမောင်ရီရဲ့ နာမည်အမှန်က မောင်ရီးဗျ။ မောင်ရီမဟုတ်ဘူး၊ သူက ရခိုင်တိုင်းရင်းသား။ ဗိုလ်ချုပ်ကြီးထွန်းရီနဲ့ ကျွန်တော်တို့ ခမရ ၁၀၅ မှာ တပ်ခွဲမှူး၊ တပ်စုမှူးနဲ့ ရှိစဉ်ကတည်းက မောင်ရီးနဲ့ဆုံခဲ့ကြတာ။ တပ်ကြပ်ကြီးဘဝကတည်းက သီဟဗလတံဆိပ်ရထားပြီးသား၊ တိုက်ရည်ခိုက်ရည်ကောင်းတယ်။ ကောင်းမှန်းသိလို့လည်း ပွိုင့် ၆၀၀၀ ကုန်းကို ခမရ ၁၀၁ တိုက်ရပြုရခက်နေတဲ့အချိန်မှာ သူ့ကိုစိတ်ကြိုက်လက်ရွေးစင်စစ်သည်တွေ ထုတ်နုတ်စုဖွဲ့ခိုင်းပြီး ပွိုင့် ၆၀၀၀ ရဲ့ ရှေ့ကာကုန်းဖြစ်တဲ့ ဒီသံခမောက်ကုန်းကို နောက်ဘက်လျှိုထဲကနေ ပတ်တိုက်ခိုင်းလိုက်တာ။ မောင်ရီးနဲ့အဖွဲ့ ရန်သူ့ခြံစည်းရိုးနားကပ်မိတာနဲ့ ကျွန်တော့်ကုန်း ပွိုင့် ၅၇၁၀ ကနေ ၁၀၅ မမ အမြောက်နဲ့ ပစ်ကူပေးထားတယ်။

စာမျက်နှာ ၇ သို့




မွတ်နိုးကျေးရွာမှအပြန် မက်မန်းမြို့ဝင်ဆိုင်းဘုတ်အနီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးစဉ်။

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ Worker Remittance ပမာဏ အများဆုံးရရှိသော ဘဏ်(၃)ဘဏ်အား ချီးကျူးဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၅**

ပြည်ပရောက် မြန်မာနိုင်ငံသားများထံမှ လုပ်ခ၊ လစာ ခေါင်းစဉ်ဖြင့် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃၁ ရက်မှ ဒီဇင်ဘာ ၃၀ ရက်အထိ နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်း (AD) လိုင်စင်ရဘဏ်များသို့ ငွေလွှဲဝင်ရောက်ခဲ့သည့် ပမာဏများအနက် အများဆုံးငွေလွှဲ ဝင်ရောက်သည့် CB Bank PCL ၊ ဒုတိယအများဆုံးဝင်ရောက်သည့် ကမ္ဘောဇဘဏ်လီမိတက်နှင့် တတိယအများဆုံးဝင်ရောက်သည့် ရောဝတီဘဏ်လီမိတက် ဘဏ် (၃) ဘဏ်သို့ နိုင်ငံတော်အတွက် နိုင်ငံခြားငွေကြိုးစား ရှာဖွေပေးခဲ့သည့် ဘဏ်များအဖြစ် ချီးကျူးဂုဏ်ပြုမှတ်တမ်းတင် သည့် အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၌ ကျင်းပသည်။






အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ် များနှင့် သက်ဆိုင်ရာဘဏ်များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး အဆိုပါဘဏ်များသို့ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လွတ်လပ်ရေးဆုတောင်းပြည့်စေတီတော် ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်

**ဖလမ်း ဇန်နဝါရီ ၅**

ချင်းပြည်နယ် ဖလမ်းမြို့ ကျင်မွာလ်ရပ်ကွက်တွင် တည်ထားကိုးကွယ်သော လွတ်လပ်ရေးဆုတောင်းပြည့် စေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ခြင်း၊ ရောင်ခြည်တော်ဖွင့် ရွှေသင်္ကန်းတော် ပြန်လည်ကပ်လှူပူဇော်ခြင်း၊ ရောင်စုံလျှပ်စစ်မီးများ သွယ်တန်းတပ်ဆင်လှူဒါန်းခြင်း၊ အရံစေတီတော်များ၊ လွတ်လပ်ရေးသိမ်တော်၊မဟာဗောဓိညောင်ပင်၊တံခွန်တိုင်စေတီတော်တို့အား ဘက်စုံမွမ်းမံခြင်း၊ ကြွေပြားခင်းလှူဒါန်းခြင်းနှင့် ဓမ္မာရုံအတွင်း သံဃာစင်ပြုလုပ်လှူဒါန်းခြင်းတို့အတွက် ရေစက်သွန်းချ အလှူတော်မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက လွတ်လပ်ရေးဆုတောင်းပြည့်စေတီတော်နှင့် မဟာဗောဓိညောင်ပင်၌ ကျင်းပသည်။

အခမ်းအနားတွင် သံဃာတော်အရှင်သူမြတ်များ၏ ဦးဆောင်မှုဖြင့် လွတ်လပ်ရေးဆုတောင်းပြည့် စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်ကြသည်။

ဆက်လက်၍ ဒေ့ပရိသတ်များက တစ်မိုင်သာသနာပြုကျောင်း ဆရာတော်ဘဒ္ဒန္တဦးသုမန (မဟာသဒ္ဓမ္မ ဇောတိကဓဇ)ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်သရဇ္ဈာယ်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုပူဇော်ကြကာ သံဃာတော် အရှင်သူမြတ်များထံ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ စေတီတော်ကြီးသည် တောင်တန်းသာသနာပြုဆရာတော်ကြီးဦးဥတ္တမသာရက မြန်မာနိုင်ငံလွတ်လပ်ရေးရရှိသည့် ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် အုတ်မြစ်စီတည်ထားကိုးကွယ်ခဲ့သော သမိုင်းဝင်စေတီတော်တစ်ဆူဖြစ်သည်။ အခမ်းအနားသို့ ဖလမ်း ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောထွန်းဝင်း၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးဝင်းဇော်လတ်နှင့်အဖွဲ့ဝင်များ၊ ဒေ့ပရိသတ်များ တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပန်းတောင်းမြို့ ပေါ်တော်မူဘုရားလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

**ပန်းတောင်း ဇန်နဝါရီ ၅**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပေါ်တော်မူဘုရားလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းက အဆိုပါလမ်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သူရ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့အဖွဲ့ဝင်(၁) ဗိုလ်မှူး ကျော်ညီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအေးကြိုင် တို့က လမ်းသစ်ဖွင့်ပွဲဆိုင်းဘုတ်အားဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ ပေါ်တော်မူဘုရားလမ်း ကွန်ကရစ်လမ်းသစ်အား ၂၀၂၂/၂၀၂၃ နှစ် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၄၁ ဒသမ ၉၀၅ သန်းဖြင့် လမ်းအရှည် ၈၈၅ ပေ၊ လမ်းအကျယ် ၁၂ ပေ၊ လမ်းပခုံး၂ ပေနှင့် လမ်းဒု ၈ လက်မအား ရောပြည်မြန်မာကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။**အောင်မြင့်(ပန်းတောင်း)**

❐ စာမျက်နှာ ၆ မှ

သူ ခံစစ်စည်းနှစ်ခုကိုကျော်ပြီး နောက်ဆုံး ဆက်သွယ်ရေးမြောင်းကို ကပ်မိချိန်မှာ ဗကပ ကလည်း ပွိုင့် ၆၀၂၈ ကနေ လက်နက်ကြီးတွေနဲ့ စုပြုံပစ်ခတ်လာတယ်။ လက်နက်ကြီးကျည် တစ်တောင့်က သစ်ပင်ကိုထိပြီးကွဲ၊ ကျည်စတစ်ခုက မောင်ရီးရဲ့ဇက်ပိုးကို လာမှန်တယ်။ သူ့ဆီက ဒုဗိုလ်လေး အောင်သန်းထူးကို ကွပ်ကဲမှုယူစေပြီး ရအောင်ဆက်တိုက်ခိုင်းပေမယ့် မရခဲ့ဘူး။ နောက်ဆုံးစည်းကနေ ဆုတ်လာခဲ့ရတယ်”

ဗိုလ်မှူးမောင်ရီးကိုတော့ ကျွန်တော်မသိခဲ့ပါ။ အစ်ကိုကြီးအောင်သန်းထူးကတော့ ကျောင်းတုန်းကလည်း မီလိုက်သလို ကျွန်တော်တို့ အောင်ဇေယျတပ်ခွဲကမို့ သိနေပါသည်။ သံခမောက်ကုန်းများဆိုသည်ကလည်း နာမည်နှင့်လိုက်အောင် တိုက်ရ၊ ပြုရ၊ တက်ရ အလွန်ခက်ခဲသောကုန်းများဖြစ်သည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့၏ အရှေ့ဘက်၊ သံလွင်အရှေ့ခြမ်း လွယ်ပန်လုံကို ၁၉၈၃ ခုနှစ်က တပ်မ ၆၆ တပ်များနှင့် တိုက်ခိုက်သိမ်းပိုက်ခဲ့စဉ်ကလည်း သံခမောက်ကုန်းမှာ ညီတော်မောင် အောင်ကျော်ဦး ကျဆုံးခဲ့ဖူးသည်။ ယခု ဗိုလ်မှူးမောင်ရီးကတော့ ၁၉၇၉ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့မှာ ဒဏ်ရာရပြီး မိုင်းရှူးကို ရဟတ်ယာဉ်နှင့် ပြန်ပို့ပေးခဲ့သည်။ တောင်ကြီးဆေးရုံသို့ပင် မရောက်လိုက်၊ ဒီဇင်ဘာလ ၇ ရက်နေ့နံနက်မှာ ကျဆုံးသွားကြောင်းသိရသည်။

**မက်မန်း ပြန်/ဆက်မှာ စာအုပ်များလှူ**

ထိုနေ့ မွန်းလွဲပိုင်းတွင် မက်မန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးသို့ သွားရောက်ပြီး အဘဦးညွန့်ဆွေက သူရေးသားထားသောစာအုပ်များ၊ အခြားစာအုပ်စာစောင်များကို လှူဒါန်းပေးအပ်ခဲ့သည်။ တက်ရောက်လာသောဒေသခံများကို အမှာစကားပြောကြားရာ၌ တရုတ်ဖြူကျူးကျော်မှုကာလအတွင်း ကျိုင်းတုံဒေသအခြေအနေ၊ ယင်းနောက် ဗကပတို့ ပန်ဆန်းဒေသကို ခြေကုပ်ယူလာမှုအခြေအနေများအပြင် မော်ဖဒေသ၌ စစ်ဆင်ရေးပြုလုပ်ရသည့် အကြောင်းရင်းကို ယခုလို ရှင်းပြခဲ့သည် –

“၁၉၇၅ ခုနှစ်မှာ ဗကပ ဗဟိုကော်မတီကို ပြန်လည်ဖွဲ့စည်းပြီး စစ်ရေးလှုပ်ရှားမှုတွေ ပိုလုပ်လာကြတယ်။ ၇၅၁၀ စီမံကိန်းပေါ်လာတယ်။ တိုက်ခိုက်ရေးအင်အား ၁၂၀၀၀ လောက်ထိ ရှိလာတဲ့ ဗကပဟာ ကိုးကန့်ဒေသနဲ့ “ဝ”ဒေသတွေကို လွှမ်းမိုးခြယ်လှယ်လာခဲ့တယ်။ ၁၉၇၉ ခုနှစ်မှာ ဗကပဗဟိုကို ပန်ဆန်းကို ရွှေ့လာပြီး အသံလွှင့်ရုံတွေ၊ လက်နက်ပြင်ရုံတွေ၊ လူနေအိမ်တွေ၊ ရုံးတွေ အခိုင်အမာတည်ဆောက်ခဲ့တယ်။ ကွပ်ကဲမှုဌာနချုပ် ဖွင့်လှစ်လိုက်တဲ့သဘောပဲ။ နယ်စပ်ဒေသ ပန်ဆန်းမြို့ကိုအခြေပြုပြီး ကိုးကန့်ဒေသ၊ “ဝ”ဒေသ မြောက်ပိုင်းနဲ့တောင်ပိုင်းအပါအဝင် သံလွင်မြစ်အရှေ့ခြမ်းတစ်ခုလုံးကို သီးခြားကွန်မြူနစ်နိုင်ငံ ထူထောင်ဖို့အထိ လုပ်လာနိုင်တယ်။ ဒီလိုဖြစ်လာမှာကို ကစထမှူး ဗိုလ်ချုပ်ကြီးထွန်းရီက အထူးစိုးရိမ်တယ်။ ဒါကြောင့် ကာကွယ်ရေးဦးစီးချုပ်နဲ့ ဥက္ကဋ္ဌကြီး ဦးနေဝင်းထံ တင်ပြခဲ့ပြီး မော်ဖဒေသမှာ မင်းရန်အောင် စစ်ဆင်ရေးကြီးကို ဆင်နွှဲခဲ့တာဖြစ်တယ်”

ပြန်/ဆက်ရုံးတွင် စာအုပ်များလှူဒါန်းအပြီး အဘဦးညွန့်ဆွေနှင့်အဖွဲ့သည် မက်မန်းမြို့ မင်းရန်အောင် ဘုရားကုန်းတော်ပေါ်ရှိ ပညာဒီပ ဘုန်းတော်ကြီးကျောင်း ဆရာတော်အား သွားရောက်ဖူးမြော်ကာ သင်္ကန်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ၎င်းနောက် မော်တော်ယာဉ်များနှင့် ဆက်လက်ထွက်ခွာ သွားရောက်ကြည့်ရှုခဲ့ကြသည့်နေရာကတော့ မော်ဖဒေသ မင်းရန်အောင် စစ်ဆင်ရေးကြီး၏ ပထမဆုံးရည်မှန်းချက်နေရာ၊ မွတ်နိုးကျေးရွာပင်ဖြစ်ပါသည်။



လွယ်မွေမြို့ရှိ နှစ် ၁၀၀ စံအိမ်ရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးစဉ်။

**ပထမဆုံးရည်မှန်းချက် မွတ်နိုးနှင့် ပွိုင့် ၃၂၈၀**

မွတ်နိုး–ကောင်းလန်း ကားလမ်းဘေးရှိ မွတ်နိုးကျေးရွာနှင့် ပွိုင့် ၃၆၆၀ တောင်ကုန်းသို့ မွန်းလွဲ ၂ နာရီခွဲသာသာမှာ ရောက်ရှိပါသည်။ ဟိုတစ်ချိန်ကတော့ ကားလမ်းမရှိ၊ လူသွားလမ်းနှင့် လားမြင်းလမ်းသာရှိခဲ့ပေလိမ့်မည်။ မွတ်နိုးရွာတွင် အိမ်ခြေအနည်းငယ်နှင့် သက်တမ်းရင့်ညောင်ပင်ကြီးတစ်ပင်ကို တွေ့ရ၏။ ထိုမှ ဆက်လက်ထွက်ခွာကြရာ အမှတ်(၁) ရှမ်းသေနတ်ကိုင်တပ်ရင်း တိုက်ခိုက်သိမ်းပိုက်ခဲ့သော ပွိုင့် ၃၂၈၀ ကုန်းသို့ မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် ရောက်ရှိခဲ့ကြပါသည်။

“သံလွင်ကို စကူးရမည့် ရက်ကတော့ ၁၉၇၉ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့ပဲ ။ အဲဒီနေ့မနက် ၈ နာရီခွဲအချိန်မှာ ရှမ်း(၁)က ပန်လုံကူးတို့ ဆိပ်က စပြီးကူးတယ်။ နိုဝင်ဘာလ ၂၄ ရက်နေ့ နေ့လယ်ပိုင်းမှာ တစ်ရင်းလုံး ကူးပြီးသွားပြီ။ ခမရ ၁၀၇ ကိုလည်း ပန်လုံကပဲ ကူးခိုင်းခဲ့တယ်။ ညနေ ၅ နာရီမှာ စက (၁/၂) နဲ့ ၄ ခွဲ ကူးနိုင်ခဲ့တယ်။ နိုဝင်ဘာလ ၂၅ ရက်မှာ စက(၁)ကို ပွိုင့် ၃၆၆၀မှာ ခြေကုပ်ယူခိုင်းပြီး စက (၂) အဖွဲ့ကိုတော့ မွတ်နိုးကို ဝင်ရှင်းခိုင်းလိုက်တယ်။ တခြားတပ်ရင်းတွေလည်း သူ့ရည်မှန်းချက်နဲ့သူပဲ။ ခမရ (၁၁၁) က တောင်ဘက်လမ်းကြောင်းအတိုင်း မတ်လုံကူးတို့ဆိပ်က နေကူးပြီး နမ့်ဟာနူးကို ဝင်ရှင်းခိုင်းတယ်။ ခမရ (၁၀၆) ကို တောင်ဘက်အစွန် နမ့်ခချောင်းကဖြတ်ပြီး ဝမ်စလောင်းကို ဝင်ခိုင်းလိုက်တယ်။ ခမရ (၁၀၅) စစ်ကြောင်း (၂) ကိုတော့ မတ်ကျန်းကူးတို့ဆိပ်က ကူးပြီး ဝင်းဆိုင်ဘက်ကို ရှင်းခိုင်းလိုက်တယ်။”

“ဒုတပ်မမှူး ကျွန်တော်ရယ်၊ နည်းဗျူဟာ (၇၇၂) မှူး ဗိုလ်မှူးကြီးစံလွင်ရယ်ပါတဲ့ ကွပ်ကဲမှုအဖွဲ့ကတော့ ခမရ (၁၀၅) စက (၂) နဲ့ ၁ ခွဲ၊ ခမရ (၁၀၇) က ခွဲ ၁ ခွဲ အနီးကပ်လိုက်ပါပြီး နိုဝင်ဘာလ ၂၄ ရက်နေ့ ညနေ ၅ နာရီမှာ သံလွင်မြစ်ကို ပန်လုံကူးတို့ဆိပ်ကပဲ ကူးတယ်။ နောက်နေ့မနက် ၁ နာရီမှာ ဝမ်ဝိန်းရွာကို ရောက်ပြီ။ ဝမ်ဝိန်းမှာ ဗကပ သုံးယောက်ကို ဖမ်းမိတယ်။ သူတို့အပြောအရ မွတ်နိုးမှာ ဗကပ ၁၀၀ လောက်ရှိကြောင်း၊ ပန်ခါးတောင်ကြော၊ လွယ်ဆိုက်ခေါင်ကြော၊ ပွိုင့် ၆၀၀၀ ကုန်းတွေမှာ အင်အားများကြောင်းသိရတယ်။”

“ဒီလိုသိရပြီး မွတ်နိုးကို ခမရ(၁၀၇)နဲ့ ဝင်ရှင်းခိုင်းလိုက်တာ မွတ်နိုးမှာ ထိတွေ့မှု ဖြစ်ပြီးနိုဝင်ဘာလ ၂၅ ရက်နေ့ ညပိုင်းမှာ သိမ်းမိပြီ။ ညတွင်းချင်းတော့မရှင်းနိုင်ဘူး။ မနက်မိုးလင်းမှပဲဆက်ရှင်းခိုင်းရတယ်။ ဗကပက မိုင်းထောင်သွား သေးတာ။ ကျွန်တော်တို့ ကွပ်ကဲမှုအဖွဲ့လည်း ဝမ်ကန်ရွာပျက်မှာ အခြေပြုလိုက်တယ်။”

(ဆက်လက်ဖော်ပြပါမည်)



(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်ပြခန်းများ၊ ဂုဏ်ပြုယာဉ်များနှင့် ရိုးရာယဉ်ကျေးမှုအကအဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှုကို လာရောက်လေ့လာကြည့်ရှုသူများအား တွေ့ရစဉ်။

* ရှေ့ဖုံးမှ

သရုပ်ဖော်ပြသပေးထားရာ ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ဒေသခံပြည်သူများ စိတ်အားထက်သန်စွာ လေ့လာကြည့်ရှုကြသည်။

**စည်ကားလျက်ရှိ**

ပြပွဲသို့ လာရောက်လေ့လာကြသူများအနေဖြင့် လှပတင့်တယ်ခမ်းနားစွာ ခင်းကျင်းပြသထားသည့် ဂုဏ်ပြုယာဉ်ကြီးများ၊ ရိုးသားဖြူစင်ဖော်ရွေလှသည့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်ကြသူများဖြင့် အထူး စည်ကားလျက်ရှိသည်။

အထူးပျော်ရွှင်စရာအစီအစဉ်အနေဖြင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက သက်ဆိုင်ရာ ရိုးရာယဉ်ကျေးမှုအကအလှများ၊ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များကို ပေါ်လွင်စေသည့် သီချင်းများ၊ မျိုးချစ်စိတ်နှင့် ဇာတိမာန်ကို တက်ကြွစေမည့် သီချင်းများ၊ ရိုးရာသိုင်းအကအလှများကို တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ဂုဏ်ပြုယာဉ်ကြီးများ ရှေ့နှင့် ပြခန်းများရှေ့တွင် ကပြဖျော်ဖြေကြရာ လာရောက်လေ့လာကြည့်ရှုကြသည့် ပြည်သူများကလည်း တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် အတူ ပျော်ရွှင်စွာ သီဆိုကခုန်ပါဝင်ဆင်နွှဲခြင်းကြောင့်လည်း အထူးစည်ကားလှသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုင်းရင်းသားရိုးရာ ဒေသထွက် အစားအသောက်များကို ပြည်သူများ စိတ်ကြိုက်သုံးဆောင်နိုင်ရန်အတွက်လည်း တိုင်းရင်းသားရိုးရာ ဒေသထွက်အစားအသောက်များကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိရာ တစ်ချိန်တည်းတွင် တိုင်းရင်းသားအစားအသောက်များကို စားသုံးနိုင်သည့် အခွင့်အရေးဖြစ်သည့်အတွက် ပြည်သူများ စိတ်ဝင်တစားကြိတ်ကြိတ်တိုး ဝယ်ယူစားသုံးကြသည်။

**ရောင်းချပေးလျက်ရှိ**

ထို့ပြင် တိုင်းရင်းသားရိုးရာဝတ်စုံများနှင့် အထိမ်းအမှတ်ပစ္စည်းများကို ပြည်သူများ အမြတ်တနိုးတန်ဖိုးထား ဝယ်ယူဝတ်ဆင်နိုင်စေရန်အတွက်လည်း ရိုးရာဝတ်စုံများနှင့် အထိမ်းအမှတ်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိရာ စိတ်ဝင်တစားတစ်ခဲနက် ဝယ်ယူအားပေးသူများဖြင့်လည်း စည်ကားလှသည်။

နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အထိမ်းအမှတ်ပြခန်းများတွင်လည်း တန်ခိုးကြီးဘုရားပုံစံငယ်များ၊ ရိုးရာဓလေ့ထုံးတမ်း အစဉ်အလာဓာတ်ပုံများ၊ ဝတ်စားဆင်ယင်မှုသရုပ်ဖော်ပုံစံများ၊ ဒေသထွက်လုပ်မှုအသုံးအဆောင်ပစ္စည်းများနှင့် စားသောက်ကုန်များ၊ လက်မှုနှင့် စက်မှုပညာပစ္စည်းများ၊ အပန်းဖြေလည်ပတ်အနားယူနိုင်သည့် အထင်ကရနေရာများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ထင်ရှားကျော်ကြားသူများ၏ ဓာတ်ပုံများ၊ မြတ်နိုးတန်ဖိုးထားထိန်းသိမ်းထားသည့် ယဉ်ကျေးမှုအမွေအနှစ်များနှင့် အဆောက်အအုံပုံစံငယ်များကို ခင်းကျင်းပြသထားပြီး နိုင်ငံတော်အစိုးရ၏ လုပ်ငန်းဆောင်ရွက်မှုများကို ပြည်သူများ ပိုမိုသိရှိနိုင်စေရန်အတွက်လည်း ဝန်ကြီးဌာနများအလိုက် ပြည်သူ့အကျိုးပြုပြခန်းများကို ပြသထားရာ ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် ပြည်သူများ အထူးစိတ်ဝင်စားစွာဖြင့် လေ့လာကြည့်ရှုကြသည်။

**ကံစမ်းမဲအစီအစဉ်**

ထို့ပြင် ကျောင်းသား ကျောင်းသူများနှင့် လူငယ်များ စိတ်ဝင်တစားဖြစ်စေရန်အတွက်လည်း ပြခန်းများတွင် ရင်ခုန်စိတ်လှုပ်ရှားစရာ ကံစမ်းမဲအစီအစဉ်များ၊ ပဟေဠိဖြေကြားသည့်အစီအစဉ်များ၊ ကိုယ်တိုင်ပါဝင်ဆင်နွှဲရသည့် ဂိမ်းကစားခြင်းအစီအစဉ်များနှင့် လက်ပန်းချီရေးဆွဲပေးခြင်း အစီအစဉ်ကောင်းများကိုလည်း ထည့်သွင်းထားသည်ကို တွေ့မြင်ရသည်။

ဖျော်ဖြေရေးအစီအစဉ်များအဖြစ် ညပိုင်းတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်များက တိုင်းကျိုးပြည်ပြုတေးသီချင်းများနှင့် ခေတ်ပေါ်တေးသီချင်းများဖြင့်လည်းကောင်း၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မျိုးချစ်စိတ်နှင့်ဇာတိမာန်တက်ကြွစေမည့် တေးသီချင်းများဖြင့်လည်းကောင်း၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယိမ်းအဖွဲ့များက ရိုးရာတေးသီချင်းများကို အကအလှများပေါင်းစပ်၍လည်းကောင်း မြူးကြွပျော်ရွှင်စွာဖြင့် ဖျော်ဖြေကြရာ ပြည်သူများတစ်ခဲနက် ပါဝင်ဆင်နွှဲကြသည်။

အဆိုပါ ဂုဏ်ပြုယာဉ်များနှင့် ပြခန်းများသို့ လာရောက်ကြည့်ရှုသည့် အများပြည်သူများ ဘေးအန္တရာယ်တစ်စုံတစ်ရာ မဖြစ်ပေါ်စေရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ လုံခြုံရေးစောင့်ရှောက်မှု အပြည့်အဝပေးထားသည့်အပြင် ကျန်းမာရေးချို့ယွင်းမှု တစ်စုံတစ်ရာဖြစ်ပေါ်လာပါကလည်း ကျန်းမာရေး စောင့်ရှောက်မှုများပေးနိုင်ရန် ဆေးခန်းများ ဖွင့်လှစ်ထားသည်ကို တွေ့ရှိရသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပုံရိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအနေဖြင့် ပြပွဲသို့လာရောက်ကြသည့် ပြည်သူများကို စာပေဗဟုသုတအသိအမြင်များ တိုးပွားလာစေရန် ရည်ရွယ်၍ သုတ၊ ရသဆိုင်ရာ စာအုပ်များကို စာပေဗိမာန်ရွှေ့လျားအရောင်းဆိုင် ဖွင့်လှစ်ရောင်းချနေသည်ကိုလည်း တွေ့ရသည်။

အဆိုပါပွဲတော်၌ ဝန်ကြီးဌာနပြခန်း ၂၅ ခန်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြခန်း ၁၅ ခန်း၊ တိုင်းရင်းသားရိုးရာ အစားအစာပြခန်း ၁၅ ခန်း စုစုပေါင်းပြခန်း ၅၅ ခန်းနှင့် ဝန်ကြီးဌာနများအလိုက် ကိုယ်စားပြုဂုဏ်ပြုယာဉ် ၂၆ စီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြုဂုဏ်ပြုယာဉ် ၁၅ စီး၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုယာဉ်တစ်စီး၊ ပြည်ထောင်စုနောက်ပိတ် ဂုဏ်ပြုယာဉ်တစ်စီးနှင့် တပ်မတော်ကိုယ်စားပြုဂုဏ်ပြုယာဉ် ငါးစီး စုစုပေါင်း ဂုဏ်ပြုယာဉ် ၄၈ စီးတို့ကို ဇန်နဝါရီ ၄ ရက်မှစတင်၍ ဇန်နဝါရီ ၈ ရက်အထိ ခင်းကျင်းပြသပေးလျက်ရှိရာ မိဘပြည်သူများ အခမဲ့လာရောက်လေ့လာကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်း – မျိုးဆက်သစ်၊ ဓာတ်ပုံ – ကိုကိုအေး**







(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်ပြခန်းများကို လာရောက်လေ့လာကြည့်ရှုသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

# (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာပြခန်းများနှင့် ဂုဏ်ပြုယာဉ်များ ဒုတိယနေ့ ဆက်လက်ခင်းကျင်းပြသမှု မြင်ကွင်း

ဓာတ်ပုံမှတ်တမ်း
---------
သက်အောင်

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာပြခန်းများ စုစုပေါင်း ၅၅ ခန်းနှင့် ဂုဏ်ပြုယာဉ် စုစုပေါင်း ၄၈ စီးကို ဇန်နဝါရီ ၄ ရက်မှ ၈ ရက်အထိ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ရှေ့ တပေါင်းကွင်း၌ ခင်းကျင်းပြသလျက်ရှိရာ ဇန်နဝါရီ ၅ ရက်တွင် ပြည်သူများ တစ်ခဲနက်လာရောက်လေ့လာကြည့်ရှုနေမှုများကို ဖော်ပြအပ်ပါသည်။



ရှမ်းပြည်နယ်ကိုယ်စားပြုပြခန်း၌ ‘ဝ’ ရိုးရာယဉ်ကျေးမှုအဖွဲ့၏ ကပြဖျော်ဖြေနေမှုအား ကြည့်ရှုအားပေးကြသူများကို တွေ့ရစဉ်။



မန္တလေးတိုင်းဒေသကြီးကိုယ်စားပြုပြခန်းတွင် လာရောက်လေ့လာကြည့်ရှုကြသူများကို တွေ့ရစဉ်။



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ကိုယ်စားပြုပြခန်း၌ ကြည့်ရှုလေ့လာနေကြသူများကို တွေ့ရစဉ်။



အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြုပြခန်းတွင် ပျော်ရွှင်စွာဂိမ်းကစားနေကြသူများကို တွေ့ရစဉ်။



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြခန်းတွင် လာရောက်လေ့လာကြသူများကို တွေ့ရစဉ်။



တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားပြုပြခန်းတွင် လေ့လာကြည့်ရှုနေကြသည့် ကျောင်းသားကျောင်းသူများကို တွေ့ရစဉ်။



သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကိုယ်စားပြုပြခန်း၌ ကြည့်ရှုလေ့လာနေကြသူများကို တွေ့ရစဉ်။



ကချင်ပြည်နယ်ကိုယ်စားပြုပြခန်း၌ ကြည့်ရှုလေ့လာနေကြသူများကို တွေ့ရစဉ်။

# ဒီနှစ်မှာတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက ရိုးရာအစားအစာတွေကို အခုလို စုံစုံလင်လင် ခမ်းခမ်းနားနားနဲ့ ရောင်းချပြီး ပြည်သူလူထုကို လာရောက် လေ့လာစားသောက်နိုင်အောင်၊ အခြားအစားအသောက်တွေ၊ အဝတ်အထည်တွေကိုလည်း သက်သာတဲ့ဈေးနှုန်းနဲ့ ရောင်းချနေပါတယ်

ဦးမြင့်စိုး



ဦးမြင့်စိုး



ဦးတင်အေး



ဦးဇော်လှိုင်ဝင်း



ဦးဌေးဝင်း



မောင်ဇော်ဇော်အောင်



ဒေါ်မိုးမိုးအေး

(၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာပြခန်းများနှင့်ဂုဏ်ပြုယာဉ်များကိုနေပြည်တော် ဥပ္ပါတသန္တိစေတီတော်ရှေ့ တပေါင်းကွင်း၌ ဒုတိယနေ့အဖြစ် ဆက်လက်ခင်းကျင်းပြသလျက်ရှိ သည်။

အဆိုပါပွဲတော်၌ လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများ၊ ခင်းကျင်းပြသထားသည့် ပြခန်းနှင့် ဂုဏ်ပြုယာဉ်များမှ တာဝန်ရှိသူများ၊ စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် သက်ဆိုင်ရာ ကဏ္ဍအလိုက် ပါဝင်ဆင်နွှဲခဲ့ကြသူများ၏ ရင်တွင်းစကားသံများကို အများပြည်သူများ သိရှိနိုင်ရန် ရေးသားဖော်ပြလိုက်ရပါသည်။

**ဦးမြင့်စိုး (နေပြည်တော်ကောင်စီအဖွဲ့ဝင်)**

ကျွန်တော်တို့ အထိမ်းအမှတ်ပြခန်းများ လုပ်ငန်းကော်မတီအနေနဲ့ နေပြည်တော်ကောင်စီက စီစဉ်ရပါတယ်။ ပြပွဲမှာဆိုရင် တိုင်းရင်းသားရိုးရာ အစားအစာပြခန်း ၁၅ ခန်း၊ ဂုဏ်ပြုယာဉ်ကတော့ စုစုပေါင်း ၄၈ စီးဖြစ်ပါတယ်။ တိုင်းဒေသကြီး အစိုးရအဖွဲ့ အထိမ်းအမှတ်ပြခန်း ၁၅ ခန်းနဲ့ ပြည်ထောင်စုဝန်ကြီးဌာန အထိမ်းအမှတ်ပြခန်း ၂၅ ခန်း စုစုပေါင်း ပြခန်း ၄၀ ဖြစ်ပါတယ်။ ပြခန်းတွေ ဆောင်ရွက်တဲ့အခါမှာ နေပြည်တော်ကောင်စီအနေနဲ့ ရေ၊ မီး၊ အုပ်ချုပ်မှုကိစ္စတွေကို အဆင်ပြေအောင် ဆောင်ရွက်ပေးရပါတယ်။ အခုလို ဆောင်ရွက်ပေးတဲ့အတွက် အခုလို စည်စည်ကားကားနဲ့ အများပြည်သူတွေ လာရောက်ကြည့်ရှုနိုင်အောင်၊ တိုင်းရင်းသား ရိုးရာအစားအစာ ပြခန်းတွေမှာလည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်ကနေ အမှန်တကယ်ထွက်ရှိတဲ့ အစား အသောက်တွေကို မြည်းစမ်းနိုင်အောင် လာရောက်ရောင်းချရခြင်း ဖြစ်ပါတယ်။ ဝန်ကြီးဌာနတွေနဲ့ ဆက်စပ်ပြီးတော့ ကုမ္ပဏီတွေအနေနဲ့ ပြည်သူလူထုကို ဈေးနှုန်းချိုသာတဲ့ပစ္စည်းတွေကို ရောင်းချချင်တယ်လို့ ပြောတဲ့အတွက် အရောင်းဆိုင်ခန်း ခုနစ်ခန်းလည်း ဖွင့်လှစ်ထားပါတယ်။ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို စည်ကားသိုက်မြိုက်စေဖို့အတွက် အချိန်ကုန်၊ ငွေကုန်ခံပြီး ကျင်းပဆောင်ရွက်ပေးတဲ့အခါမှာ ကျွန်တော်တို့ကလည်း အများပြည်သူ တွေက သိရှိလေ့လာနိုင်ဖို့အတွက် စီစဉ်ဆောင်ရွက်ပေးထားပါတယ်။ စီစဉ်ဆောင်ရွက်ပေးတဲ့နေရာမှာ ကျောင်းသားလူငယ်တွေ၊ မိဘပြည်သူတွေ လွယ်ကူအဆင်ပြေစွာဝင်ရောက်လေ့လာကြည့်ရှုနိုင်ဖို့၊ ဈေးနှုန်းသက်သာတဲ့ ကုန်ပစ္စည်းတွေ ဝယ်ယူနိုင်ဖို့နဲ့ တိုင်းဒေသကြီးပြည်နယ်က ထွက်ကုန်တွေကို လွယ်ကူစွာ စားသောက်ရအောင် စီစဉ်ဆောင်ရွက်ထားပါတယ်။

ပြပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ဖို့ နိုဝင်ဘာ ၁၅ ရက်နေ့ကစပြီး ပြင်ဆင်ရပါတယ်။ အများပြည်သူတွေ လာရောက်တဲ့အခါမှာ အခက်အခဲမရှိအောင် နေပြည်တော်အဆင့် ဌာနဆိုင်ရာတွေ၊ ဝန်ကြီးဌာနအဆင့် ဌာနဆိုင်ရာတွေနဲ့ ပေါင်းစပ်ဆောင်ရွက်တဲ့အခါမှာလည်း အခက်အခဲ မရှိပါဘူး။ အခက်အခဲမရှိတဲ့အပြင် ဆောင်ရွက်ပေးနေတဲ့ ဌာနဆိုင်ရာ ဝန်ထမ်းတွေ၊ အကြီးအကဲတွေနဲ့ ဆက်နွှယ်နေတဲ့ ဝန်ထမ်းတွေဟာ ဝမ်းပန်းတသာ ဂုဏ်ယူဝင့်ကြွားစွာ ဆောင်ရွက်ပေးနေပါတယ်။ ပြခန်းတွေ၊ ရိုးရာ အစားအစာ စားသောက်ဆိုင်တွေအပြင် ညနေ ၆ နာရီခွဲကနေ ည ၉ နာရီအထိ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့ရဲ့ တိုင်းရင်းသားရိုးရာယိမ်းအဖွဲ့ ၁၅ ဖွဲ့၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ဖျော်ဖြေရေးအဖွဲ့၊ အနုပညာဦးစီးဌာနက ဖျော်ဖြေရေးအဖွဲ့တွေကလည်း လာရောက်တဲ့ ပြည်သူများ အပန်းဖြေကြည့်ရှုနိုင်ဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်။

ပြပွဲကိုနံနက် ၉ နာရီကနေ ည ၉ နာရီခွဲအထိ ပြသထားပါတယ်။ အရင်နှစ်ကတော့ တိုင်းဒေသကြီးပြည်နယ်အစိုးရအဖွဲ့ ဂုဏ်ပြုယာဉ်များသာ ပြသနိုင်ပါတယ်။ ဒီနှစ်မှာတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက ရိုးရာအစားအစာတွေကို အခုလို စုံစုံလင်လင် ခမ်းခမ်းနားနားနဲ့ ရောင်းချပြီး ပြည်သူလူထုကို လာရောက် လေ့လာစားသောက်နိုင်အောင်၊ အခြားအစားအသောက်တွေ၊ အဝတ်အထည်တွေကိုလည်း သက်သာတဲ့ဈေးနှုန်းနဲ့ ရောင်းချနေပါတယ်။ နိုင်ငံတော်အစိုးရက စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုးပမ်းအားထုတ်ပြီး ရဟန်းရှင်လူပြည်သူများ ဗဟုသုတရနိုင်အောင် ပြခန်းတွေကို ဖွင့်လှစ်ပြသရခြင်းဖြစ်ပါတယ်။ အခုလက်ရှိ ကျောင်းသားလူငယ်များ၊ ဝန်ထမ်းများနဲ့ ဒေသခံပြည်သူများ လာရောက်ကြည့်ရှုလေ့လာနေကြတာကိုလည်း တွေ့ရှိရတဲ့အတွက်ကြောင့် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။

**ဦးတင်အေး (စီးပွားရေးရာဝန်ကြီး၊ ဧရာဝတီတိုင်းဒေသကြီး)**

ဂုဏ်ပြုယာဉ်မှာ ပထမဆုံးဆောင်ရွက်တာကတော့ တိုင်းဒေသကြီးက စိုက်ပျိုးရေးတိုင်းဒေသကြီးဖြစ်တဲ့အတွက် စိုက်ပျိုးရေးကို အခြေခံပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ စပါးစတင်စိုက်ပျိုးတာကနေစပြီး တလင်းပျောက်စနစ်နဲ့ ရိတ်သိမ်းတဲ့အထိ ခေတ်မီအောင်လုပ်ထားပါတယ်။ နိုင်ငံခြားကို တင်ပို့နိုင်တဲ့အထိ ဆောင်ရွက်တဲ့ အဆင့်လေးဆင့်ကို သရုပ်ပြဆောင်ရွက်ပါတယ်။ ဂုဏ်ပြုယာဉ်ကို စတင်ဆောင်ရွက်စဉ်တုန်းက ဆုရရမယ်ဆိုပြီး မရည်ရွယ်ခဲ့ပါဘူး။ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်တာဖြစ်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးချုပ်ကလည်း သေချာညွှန်ကြားပါတယ်။ သူ့ရဲ့ညွှန်ကြားချက်တွေနဲ့အညီ အကောင်အထည်ဖော် လုပ်ဆောင်ရင်း ဂုဏ်ပြုယာဉ်ဟာ ပြည့်စုံမှုဖြစ်သွားတဲ့အတွက် နိုင်ငံတော်ကလည်း ပထမဆုကို ချီးမြှင့်တဲ့အတွက် တိုင်းဒေသကြီးကိုယ်စား ဂုဏ်ယူဝမ်းသာမိတဲ့အပြင် ဝန်ကြီးချုပ်ကြီးအတွက်လည်း ဝမ်းသာမိပါတယ်။

အခု ဂုဏ်ပြုယာဉ်မှာ ထည့်သွင်းပြသထားတာကတော့ MSME လုပ်ငန်းတွေဖြစ်တဲ့ နာမည်ကြီးပုသိမ်ထီးလုပ်ငန်း၊ ချောင်းသာ၊ ငွေဆောင်၊ ငွေသောင်ယံကမ်းခြေကို တော်တော်များများသိနေတဲ့အတွက် ကမ်းခြေကို လာရောက်အပန်းဖြေရင် ဘယ်လိုပျော်ရွှင်စရာလေး ဖြစ်မယ်ဆိုတာကိုလည်း သရုပ်ဖော်ထားပါတယ်။ ကြိမ်ထည်လက်မှု လုပ်ငန်းကိုလည်း ပြသထားပါတယ်။ ဧရာဝတီတိုင်းဒေသကြီးရဲ့ သဘာဝအလှတရားနဲ့ လုပ်ငန်းတွေကို ဖော်ပြပြီးတော့ အားလုံးသိအောင် တင်ပြထားပါတယ်။ ဧရာဝတီတိုင်းဒေသကြီး ဂုဏ်ပြုယာဉ်ကို လာရောက်လေ့လာမယ်ဆိုရင်လည်း အားလုံးကို နွေးထွေးပျူငှာစွာ ကြိုဆိုလျက်ပါလို့ ပြောချင်ပါ တယ်။

**ဦးဇော်လှိုင်ဝင်း (ညွှန်ကြားရေးမှူး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**

ကျွန်တော်တို့ ပြခန်းမှာဆိုရင် ဝန်ကြီးဌာနရဲ့ မူဝါဒတွေ၊ ရည်မှန်းချက်တွေနဲ့အတူ အခြားအချက်အလက်တွေနဲ့ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လုပ်ငန်းဆောင်ရွက်ချက်တွေကို ပြသထားပါတယ်။ ဦးစီးဌာနအနေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့ လမ်း၊ တံတား၊ ကျန်းမာရေး၊ အိမ်ရာဆောက်လုပ်ရေး၊ ရေရရှိရေး၊ မီးလင်းရေး၊ ဆိုလာနဲ့ ရေတင်စိုက်ပျိုးရေး လုပ်ငန်းဆောင်ရွက်ခဲ့တဲ့ မှတ်တမ်းဓာတ်ပုံတွေကို ဝေဝေဆာဆာ ပြသထားပါတယ်။ ပြခန်းမှာ တိုင်းရင်းသားပြည်သူတွေအတွက် အထောက်အကူပြုနိုင်အောင် ဘယ်လောက်ထိ ဆောင်ရွက်ထားတယ်ဆိုတာကို ဓာတ်ပုံမှတ်တမ်းများ၊ ဗီဒီယိုကလစ်များ၊ ပုံစံငယ်များနဲ့ ပြသထားတဲ့အတွက် ပြပွဲကို လာရောက်တဲ့ မိဘပြည်သူများအနေနဲ့ ဝင်ရောက်လေ့လာကြဖို့ဖိတ်ခေါ်ချင်ပါတယ်။

**ဦးဌေးဝင်း (ဒုတိယညွှန်ကြားရေးမှူး၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန)**

ပြခန်းမှာ ကျွန်တော်တို့ကျောင်းတွေရဲ့ လူငယ်သင်တန်းကျောင်း အဆင့်ဆင့်ကနေ တက္ကသိုလ်၊ ကောလိပ်တက်ရောက်သည်အထိ ပြသထားပါတယ်။ အသက်မွေးလုပ်ငန်းတွေနဲ့ ပတ်သက်တဲ့ သင်တန်းတွေဖွင့်လှစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းတွေရရှိအောင် ချိတ်ဆက်ဆောင်ရွက်ပေးတာတွေကို ပြသထားပါတယ်။ လူသား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ရရှိရေးနဲ့ ပညာတတ်မြောက်ရေးကို ပြသထားပါတယ်။ သင်တန်းကျောင်းတွေကနေ ထုတ်လုပ်တဲ့ ပစ္စည်းတွေ၊ ကဏ္ဍအလိုက် သင်ကြားတဲ့ပစ္စည်းတွေကို ခင်းကျင်းပြသထားပါတယ်။

**မောင်ဇော်ဇော်အောင်**

**အမှတ် (၆)အခြေခံပညာအထက်တန်းကျောင်း**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့မှာ စာလုံးဖော် သရုပ်ဆောင်တဲ့နေရာကနေ တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။ ဒီနေ့မနက်ပိုင်းမှာ ဥပ္ပါတသန္တိဘုရားကို သွားရောက်ဖူးမြော်ပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်နေတာကို သွားရောက်လေ့လာခဲ့ပါတယ်။ အခုက ဂုဏ်ပြုယာဉ်တွေလေ့လာပြီး ရခိုင်အစားအစာတွေကို ဝယ်စားခဲ့ပါတယ်။ အခုကတော့ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်ပြခန်းတွေနဲ့ ဝန်ကြီးဌာန ပြခန်းတွေကို လေ့လာနေတာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ အထင်ကရနေရာတွေကို ကိုယ်တိုင်ကိုယ်ကျ သွားရောက် လည်ပတ်မယ်ဆို မသွားနိုင်ပါဘူး။ ဒါပေမယ့် ဒီလိုအထင်ကရနေရာတွေကို တစ်နေရာတည်းမှာ အခုလိုမြင်တွေ့ရတော့ အလွန်ပျော်ရွှင်ရပါတယ်။ တိုင်းရင်းသားတွေရဲ့ နေထိုင်စားသောက်မှုပုံစံတွေကိုတွေ့ရတော့ ဝမ်းသာပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ် ကိုယ်စားပြုပြခန်းတွေကို လေ့လာရတော့ သိချင်တာတွေလည်း သိရတယ်။ ဒီပြည်နယ်ကိုသွားရင် ဒီပြည်နယ်မှာ ဘာအစားအသောက်တွေရတယ်။ ဘယ်လိုနေထိုင်ရမယ်ဆိုတာလည်း ကောင်းကောင်းနားလည်သွားတယ်။ ပျော်စရာကောင်းပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်ရဲ့ အလှအပတွေနဲ့ အသိပညာဗဟုသုတွေရတဲ့အတွက် ပြပွဲကို လာရောက် လေ့လာလည်ကြည့်ရှုပါလို့ ဖိတ်ခေါ်ချင်ပါတယ်။

**ဒေါ်မိုးမိုးအေး ( ညွှန်ကြားရေးမှူး၊ အသေးစားစက်မှုလက်မှုဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန)**

တိုင်းရင်းသားရိုးရာအစားအစာရောင်းချတာနဲ့ ဒေသထွက်ကုန်ပစ္စည်းရောင်းချတဲ့ ပြည်ထောင်စုနယ်မြေဒေသထွက်ပစ္စည်းများအရောင်းပြခန်းမှာ တာဝန်ယူထားပါတယ်။ **စာမျက်နှာ ၁၁ သို့** ❖

# စကားဝိုင်းဆွေးနွေးပွဲများ၏ ဆွေးနွေးသုံးသပ်ချက်နှင့် အကြံပြုချက်များ အကောင်အထည်ဖော်ဆောင်ရွက်



နေပြည်တော် ဇန်နဝါရီ ၅

လယ်ယာကဏ္ဍ ကွင်းဆက်တစ်လျှောက်တွင် ပါဝင်ပတ်သက်သူအားလုံး ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် လိုအပ်ချက်များကို အကောင်းဆုံး ဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းရာတွင် ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများအကြား အပြန်အလှန် အမြင်ချင်းဖလှယ် ဆွေးနွေးပေါင်းစပ်နိုင်ရန်၊ မတူညီသော လုပ်ငန်းနယ်ပယ်အလိုက် အတွေ့အကြုံများကို ဝိုင်းဝန်းဆွေးနွေးသုံးသပ်ပြီး နည်းလမ်းကောင်းများ ဖော်ထုတ်အသုံးပြုနိုင်ရန်တို့ကို ရည်ရွယ်၍ လစဉ် စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပပေးနေခြင်းဖြစ်ကြောင်း ယနေ့ ညနေပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် (၁၇)ကြိမ်မြောက် စကားဝိုင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ပြောကြားသည်။

အခမ်းအနားသို့ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ စိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ကိုယ်စားလှယ်များက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းပြည်ပစီမံကိန်းများ အကောင်အထည်ဖော်နိုင်ရေး ခေါင်းစဉ်ဖြင့်ကျင်းပသည့် (၁၇)ကြိမ်မြောက် စကားဝိုင်းဆွေးနွေးပွဲကို စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်မာဦးက အစီအစဉ်မှူးအဖြစ် တာဝန်ယူဆောင်ရွက်ပြီး သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် တာဝန်ရှိသူများက စီမံကိန်းများရေးဆွဲရာတွင် စားနပ်ရိက္ခာနှင့် အာဟာရပြည့်ဝဖူလုံရေး၊ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ လုပ်ကွက်ငယ်တောင်သူတို့၏ ဝင်ငွေတိုးတက်လာစေရေး၊ လယ်ယာကုန်သွယ်ရေး ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်ရေးနှင့် တောင်သူလယ်သမားများ၏ အခွင့်အရေးများ ပိုမိုအားကောင်းလာစေရေး စသည့် ဦးစားပေး ဆောင်ရွက်ရန် လိုအပ်သည့်အချက်များ ပါဝင်သည့် စီမံကိန်းများ ရေးဆွဲအဆိုပြုရေး၊ လက်ရှိ အကောင်အထည်ဖော် ဆောင်ရွက်နေသော စီမံကိန်းများ၏ အခြေအနေများ၊ ပြည်ပချေးငွေ အထောက်အပံ့ရယူရာတွင် သတိပြုဆောင်ရွက်ရမည့် အချက်များ၊ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်စဉ် ကြုံတွေ့ရသည့်အခက်အခဲများနှင့် စိန်ခေါ်မှုများ ဖြေရှင်းရန် နည်းလမ်းများနှင့် ပတ်သက်၍ ဆွေးနွေးကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များမေးမြန်းပြီး ဖြည့်စွက်ဆွေးနွေးကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကဏ္ဍအလိုက် ခေါင်းစဉ်များ သတ်မှတ်၍ လစဉ်ကျင်းပလျက်ရှိသည့် စကားဝိုင်းဆွေးနွေးပွဲများတွင် ဆွေးနွေးခဲ့သည့် ဆွေးနွေးချက်များ၊ သုံးသပ်ချက်များနှင့် အကြံပြုချက်များကို ပြုစုပြီး ကောင်းမွန်သော အချက်အလက်များအဖြစ် အသုံးပြု၍ စီမံကိန်းစီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပိုမိုထိရောက်အောင်မြင်စေရေး ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရမည်းသင်းမြို့နယ် မြို့လှကျေးရွာ၌ သက်ကြီးပူဇော်ပွဲကျင်းပ

ရမည်းသင်း ဇန်နဝါရီ ၅

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မြို့လှအုပ်စု မြို့လှကျေးရွာတွင် သက်ကြီးပူဇော်ပွဲကို ယနေ့နံနက်ပိုင်းက မြို့လှကျေးရွာ ဒက္ခိဏာရာမတောင်ကျောင်းတိုက်ပရိဝုဏ်အတွင်း၌ ကျင်းပသည်။

ဦးစွာ ဒက္ခိဏာရာမ မဟာမုနိဘုရားကြီးရှေ့တွင် ခင်ပွန်းကြီး ၁၀ ပါးကန်တော့ပွဲပြုလုပ်ပြီး ကန်တော့ခံအဘိုးအဘွားများအား ကန်တော့ကြသည်။ ဆက်လက်၍ အုပ်စုအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော် ၁၀ပါး၊ အဘိုးအဘွား ၁၁၅ ဦးတို့အား ဂါရဝပြုပစ္စည်းများ လှူဒါန်းကြသည်။



မွန်းလွဲပိုင်းတွင် မိဘဂုဏ်ရည်ကျေးဇူးများကို ပြောဆိုဟောပြောပြီး တေးသီချင်းများ၊ အကများဖြင့်ဖြည့်ဆည်းဖျော်ဖြေ၍ အထိမ်းအမှတ် သီချင်းဆိုပြိုင်ပွဲ၊ စာစီစာကုံး၊ ပန်းချီပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲတို့တွင် ဆုရရှိသူများကို ဆုများပေးအပ်သည်။ **လှိုင်သန်းတင့်(ရမည်းသင်း)**

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မြို့နယ်အဆင့်ပညာရေးစုံညီပွဲတော်ကျင်းပ

**ကျောက်တံခါး ဇန်နဝါရီ ၅**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်ကို ယမန်နေ့က မြို့နယ်စည်ပင်သာယာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဆွေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါက်တာဇင်သက်ဦးက မြို့နယ်စုံညီပွဲတော်ကျင်းပခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ မြို့နယ်အတွင်း တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဆုရကျောင်းများနှင့် ကျောင်းသားကျောင်းသူ ၁၉၀ အား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြပြီး မြို့နယ်အတွင်းရှိ ကျောင်းသားကျောင်းသူလေးများက တစ်ဦးချင်း၊ အဖွဲ့လိုက် အဆို၊ အကများဖြင့် သီဆိုဖျော်ဖြေကြသည်။

အဆိုပါ မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်သို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အငြိမ်းစားပညာရေးမှူးများ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ဆုရကျောင်းသားကျောင်းသူများ စုစုပေါင်း ၄၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဟုမ္မလင်းမြို့၌ မျိုးစေ့အရည်အသွေးထိန်းသိမ်းခြင်း နည်းပညာပေးသင်တန်းဖွင့်

ဟုမ္မလင်း ဇန်နဝါရီ ၅

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကျင်းပသော မျိုးစေ့အရည်အသွေးထိန်းသိမ်းခြင်း နည်းပညာပေးသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၁၀ နာရီခွဲတွင် ဟုမ္မလင်းမြို့ စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်က အဖွင့်အမှာစကားပြောကြားပြီး ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းပို့ချရာတွင် စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းမျိုးစေ့တာဝန်ခံ ဦးရဲမင်းလှက မျိုးစေ့အရည်အသွေးထိန်းသိမ်းခြင်းနှင့်ပတ်သက်၍ ပညာပေးသင်တန်းပို့ချပေးသည်။ အလားတူ ဇန်နဝါရီ ၂ ရက် ညနေ ၃ နာရီတွင် တိုင်းမြေအသုံးချရေးတာဝန်ခံ ဒေါ်ခင်ထွေးဝင်းက ခေတ်မီတောင်စောင်း လယ်ယာစိုက်ပျိုးနည်းစနစ်နှင့် မြေဆီလွှာဆိုင်ရာနည်းပညာများ ပို့ချရာ တောင်ယာစိုက်ပျိုးသည့် တောင်သူ ၁၀ ဦးနှင့် ဟုမ္မလင်းမြို့နယ်နှင့် မိုပိုင်းလွတ်မြို့တို့မှ ဝန်ထမ်း ၂၀ တက်ရောက်ခဲ့ကြပြီး တိုင်းမြေအသုံးချတာဝန်ခံက မြေအချဉ်ငံဓာတ်တိုင်းကိရိယာ (PH Meter) အသုံးပြုနည်း လက်တွေ့ပြသပြီး PH Meter များ အသုံးပြုနိုင်ရန်ပေးအပ်ခဲ့ သိရသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်၊ စိုက်ပျိုးရေးဦးစီးဌာန တိုင်းမျိုးစေ့တာဝန်ခံ ဦးရဲမင်းလှ၊ တိုင်းမြေအသုံးချရေးတာဝန်ခံ ဒေါ်ခင်ထွေးဝင်း၊ ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဟုမ္မလင်းမြို့နယ်အတွင်းရှိ တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **လင်းလင်း(ပြန်/ဆက်)**

❖ စာမျက်နှာ ၁၀ မှ

နေပြည်တော် ရှစ်မြို့နယ်ကထွက်ရှိတဲ့ မြန်မာ့ရိုးရာအစားအစာတွေနဲ့ ဒေသထွက်ကုန်တွေကို ရောင်းချခြင်းအားဖြင့် တိုင်းဒေသကြီးနဲ့ပြည်နယ် ၁၅ ခုက သိသွားတဲ့အပြင် လုပ်ငန်းရှင်များအနေနဲ့လည်း သူတို့ရဲ့ ထုတ်ကုန်ပစ္စည်းတွေကို ကြော်ငြာပြီးသား ဖြစ်သွားတယ်။ နေပြည်တော်မှာ ဒေသထွက်ကုန်တွေဖြစ်တဲ့ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကို အခြေခံတဲ့ ထွက်ကုန်တွေကို အဆင့်မြှင့်တင်ပြီး စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းတွေ အများဆုံး တင်ထားပါတယ်။ ပြခန်းကို လာရောက်ဝယ်ယူသူတွေအနေနဲ့ နေပြည်တော်ဒေသက စိုက်ပျိုးရေးနဲ့ မွေးမြူရေးကို အခြေခံတဲ့ ထွက်ကုန်တွေကို တန်ဖိုးမြှင့်ထွက်ကုန်အဖြစ် ထုတ်လုပ်ရောင်းချနေတာကို သိပြီး သူတို့ဒေသကို ပြန်ရောက်ရင် ဒါကို အတုယူပြီး ပြန်လုပ်လို့ရသွားမယ်။ ဒီပွဲကိုလာရင်းနဲ့ နေပြည်တော်ဒေသမှာ ထွက်ရှိပြီး ကျန်တဲ့ဒေသမှာ မထွက်ရှိတဲ့ ကုန်ပစ္စည်းတွေကို ဝယ်ယူသုံးဆောင်နိုင်ပါမယ်။

တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၄ ခုက ရိုးရာခေလှ့အစားအစာတွေ၊ ယဉ်ကျေးမှုတွေကိုလေ့လာနိုင်မယ်။ ဝန်ကြီးဌာနအားလုံးက လုပ်ဆောင်နေတဲ့ လုပ်ဆောင်ချက်တွေကိုလည်း သိရမယ်။ ပြည်သူလူထုအတွက် နိုင်ငံတော်က လူမှုစီးပွားဖွံ့ဖြိုးဖို့အတွက် ဘယ်လောက်ထိ အားထည့်ပြီး လုပ်ဆောင်နေတယ်ဆိုတာ ဒီပြပွဲလာတဲ့ ပြည်သူလူထုတွေလည်း သိရှိသွားမယ်။ ပြခန်းတွေ၊ ဂုဏ်ပြုယာဉ်တွေကနေ ပြည်သူလူထုအတွက် ဘယ်လိုအကျိုးသက်ရောက်မှုရှိအောင် အတုယူပြီး ဘယ်လိုလုပ်ဆောင်ရမယ်ဆိုတဲ့ အသိပညာဗဟုသုတရရှိသွားမှာပါ။ ကျွန်မတို့ ဦးစီးဌာနအနေနဲ့လည်း အသေးစားစက်မှုလက်မှုလုပ်ငန်းများ ထွန်းကားလာစေပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေဖို့ မျှော်မှန်းပြီး ပညာရေးကိုဆုံးခန်းတိုင်အောင်သင်ကြားနိုင်ခြင်းမရှိတဲ့လူငယ်တွေကို အလုပ်အကိုင် အခွင့်အလမ်းတွေကို ဖန်တီးပေးနိုင်ဖို့ ဒေသခံတွေရဲ့ တောင်းဆိုချက်အရ သင်တန်းပေါင်း ၃၁ မျိုးကို ဖွင့်လှစ်သင်ကြားပေးခဲ့ပါတယ်။

**တွေ့ဆုံမေးမြန်း – မျိုးဆက်သစ်**

**ဓာတ်ပုံ– ကိုကိုအေး**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၃၈၃၁ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၅-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၄-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၅-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၈၃၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၈၃၇,၃၇၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၇၀၀) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၈,၃၃၁) ဦးရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အတွက် မြန်မာနိုင်ငံတွင်လည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု၊ ရောဂါနောက်ဆက်တွဲပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို ကာကွယ်နိုင်ရန်နှင့် လျှော့ချနိုင်ရန်တို့အတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို မပျက်မကွက်ခံယူကြရန် လိုအပ်ပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal)နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# (၃၈)ဖြာ မင်္ဂလာတရားတော်နှင့်ဗုဒ္ဓဝင် မြို့နယ်အဆင့် စာအောင်ဆုနှင်းသဘင်ကျင်းပ



**သထုံ ဇန်နဝါရီ ၅**

မွန်ပြည်နယ် သထုံမြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝ(YMBA) အသင်းကြီးမှ ဦးဆောင်ကျင်းပခဲ့သည့် (၇၃)ကြိမ်မြောက် (၃၈)ဖြာ မင်္ဂလာတရားတော်နှင့်ဗုဒ္ဓဝင် မြို့နယ်အဆင့် စာမေးပွဲစာအောင်ဆုနှင်းသဘင်နှင့် ဂုဏ်ပြုဆုများပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်က နောင်ကုလားရွာကြီးကျေးရွာ ဘုရားလေးပရိယတ္တိစာသင်တိုက်၌ ကျင်းပခဲ့သည်။

**ချီးမြှင့်ပေးအပ်ခဲ့**

အခမ်းအနားတွင် တက်ရောက်လာသူများက သထုံမြို့ သဒ္ဓမ္မဇောတိကာရာမကျောင်းတိုက် ပဓာနနာယကဆရာတော် ဦးသုမနာဘိဝံသ အရှင်သူမြတ်ထံမှ တရားတော်များနာယူခဲ့ကြပြီး နောင်ကုလားရွာကြီး ဘုရားလေးပရိယတ္တိစာသင်တိုက်ဆရာတော်နှင့် ဗုဒ္ဓဘာသာကလျာဏယုဝ(YMBA)အသင်းကြီးမှ တာဝန်ရှိသူများ၊ အလှူရှင်များက ဂုဏ်ထူးအထူးအောင်သူများ၊ ဂုဏ်ထူးအောင်နှင့် ရိုးရိုးအောင်သူများအား ဂုဏ်ပြုဆုနှင့် စာအောင်လက်မှတ်တို့ကို ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

အဆိုပါ စာမေးပွဲကို သထုံမြို့နယ်အတွင်းရှိ စာဖြေဌာနများ၌ ကျင်းပခဲ့ပြီး ပထမဆင့်(အငယ်တန်း)၊ ဒုတိယဆင့်(အလတ်တန်း) စုစုပေါင်း ၁၀၉ ဦး ဝင်ရောက်ဖြေဆိုအောင်မြင်ခဲ့ကြောင်း သိရသည်။

ခရိုင်ပြန်/ဆက်)

# ကျိုင်းတုံမြို့နယ်၌ ကျေးရွာချင်းဆက် မြေသားလမ်းတာချဲ့ခြင်းလုပ်ငန်းများ ၈၈ ရာခိုင်နှုန်းပြီးစီး

**ကျိုင်းတုံ ဇန်နဝါရီ ၅**

နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နယ်စပ်ဒေသ ဖွံ့ဖြိုးရေး ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေ ကျပ် ၂၈၇ ဒသမ ၇၄၇ သန်း အကုန်အကျခံကာ ကျိုင်းတုံမြို့နယ် နမ့်နီ/နမ့်လုံကျေးရွာအုပ်စုရှိ နမ့်ခမ်း-ဝမ်ကောင်း-နမ့်နီ-နမ့်ကဲ-ရှဲန်ထန်နူး ကျေးရွာချင်းဆက် မြေသားလမ်းတာချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



အဆိုပါကျေးရွာချင်းဆက်လမ်း (၁၅/၀)မိုင်ပေါ်မှ (၆/၀)မိုင်အား မြေသားလမ်းတာချဲ့လုပ်ငန်းများနှင့်လမ်းပေါ်ရှိ ငါးပေ Box Culvert ၂၄ စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို တင်ဒါအောင်မြင်သည့် မင်းဒင်ကုမ္ပဏီမှ ၂၀၂၂ ခုနှစ် ဇွန်လတွင် လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ၈၈ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ကောင်းမွန်ရေးနှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းများ ပြီးစီးနိုင်ရန်အတွက် ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ(ကျိုင်းတုံ)မှ ဒေသကြီးကြပ်ရေးမှူးနှင့်အဖွဲ့က ဇန်နဝါရီ ၃ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

# ထန်းတပင်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အားကစားပြိုင်ပွဲ ဆုများပေးအပ်ချီးမြှင့်

**ထန်းတပင် ဇန်နဝါရီ ၅**

ရန်ကုန်တိုင်း ဒေသကြီး ထန်းတပင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အလွတ်တန်း ဘောလုံး၊ ဖူဆယ်၊ ဘော်လီဘောနှင့် ပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲများကို ထန်းတပင်မြို့မအားကစားကွင်း၌ ကျင်းပခဲ့ပြီး ဇန်နဝါရီ ၄ ရက် ညနေပိုင်းက ဆုရရှိခဲ့ကြသည့် ပြိုင်ပွဲဝင်အသင်းများကို ဆုများပေးအပ်ချီးမြှင့်သည်။

ဆုများ ပေးအပ်ချီးမြှင့်ရာတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အလွတ်တန်း အားကစားပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုများရရှိခဲ့ကြသည့် ပြိုင်ပွဲဝင်အသင်းများနှင့် အကောင်းဆုံးကစားသမားဆုရရှိခဲ့သည့် ပြိုင်ပွဲဝင်အားကစားသမားများကို ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။



**ဝင်ရောက်ယှဉ်ပြိုင်**

ထန်းတပင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အလွတ်တန်း အားကစားပြိုင်ပွဲများကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်မှ စတင်၍ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး အလွတ်တန်း ဘောလုံးပြိုင်ပွဲသို့ ပြိုင်ပွဲဝင် အသင်း ၂၀၊ ဖူဆယ်ဘောလုံးပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ခုနစ်သင်း၊ ဘော်လီဘောပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ငါးသင်းနှင့် ပိုက်ကျော်ခြင်း အားကစားနည်းပြိုင်ပွဲသို့ ပြိုင်ပွဲဝင်ကိုးသင်း စုစုပေါင်း ပြိုင်ပွဲဝင်အသင်း ၄၁ သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

■

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ဂျပန်ဝန်ကြီးချုပ် ကီရှီဒါ ပြင်သစ်၊ အီတလီ၊ ဗြိတိန်၊ ကနေဒါနှင့် အမေရိကန်နိုင်ငံတို့သို့ သွားရောက်မည်



တိုကျို ဇန်နဝါရီ ၅

ဂျပန်ဝန်ကြီးချုပ် ကီရှီဒါသည် လာမည့် သီတင်းပတ်တွင် ပြင်သစ်၊ အီတလီ၊ ဗြိတိန်၊ ကနေဒါနှင့် အမေရိကန်နိုင်ငံများသို့ သွားရောက်မည်ဖြစ်ပြီး ဟီရိုရှီးမားမြို့၌ ပြုလုပ်မည့် ထိပ်သီး အစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေး အတွက် အဆိုပါနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုကိုရရှိရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။ ဂျပန်နိုင်ငံသည် စက်မှုထိပ်သီး ခုနစ်နိုင်ငံ(ဂျီ ၇)၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ရမည်ဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ်ကီရှီဒါသည် အဆိုပါနိုင်ငံခေါင်းဆောင်များနှင့် တွေ့ဆုံရန် ဇန်နဝါရီ ၉ ရက်တွင် ၎င်း၏ခရီးစဉ်ကို စတင်မည်ဖြစ်ကြောင်း ယမန်နေ့သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

ရုရှား-ယူကရိန်းအရေး၊ စားနပ်ရိက္ခာအကျပ်အတည်း၊ နျူကလီးယားလက်နက်ဖျက်သိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုအပါအဝင် ကမ္ဘာ့နိုင်ငံများ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် ဂျပန်နိုင်ငံက ဦးဆောင်မှုအခန်းကဏ္ဍ၌ ပါဝင်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ကီရှီဒါ က မျှော်လင့်ထားဖွယ်ရှိသည်။

အဆိုပါ ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရာတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် နိုင်ငံ့ခေါင်းဆောင်များကိုလည်း ၎င်းက တောင်းဆိုဖွယ်ရှိသည်။

ဝန်ကြီးချုပ်ကီရှီဒါသည် ဇန်နဝါရီ ၁၃ ရက်တွင် ဝါရှင်တန်မြို့၌ အမေရိကန်သမ္မတဂျိုးဘိုင်ဒင်နှင့် တွေ့ဆုံရန် စီစဉ်ထားကြောင်းလည်း သိရသည်။

အဆိုပါအစည်းအဝေးပွဲတွင် ဂျပန်နိုင်ငံ၌ကျင်းပမည့် ဂျီ ၇ ထိပ်သီးအစည်းအဝေးအတွက် ညှိနှိုင်းဆောင်ရွက်မှုအပါအဝင် အခြားနှစ်နိုင်ငံရေးရာ ကိစ္စရပ်များနှင့် ပတ်သက်ပြီး ဆွေးနွေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

ဂျပန်နှင့် အမေရိကန်နှစ်နိုင်ငံ ဆက်ဆံရေး ပိုမိုခိုင်မာအောင် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်းနှင့် ဂျပန်နိုင်ငံအစိုးရ၏ ကာကွယ်ရေးအသုံးစရိတ်တိုးမြှင့်ဆောင်ရွက်မည့် အစီအစဉ်ကို အကြမ်းဖျင်း ဖော်ပြရန်ရှိကြောင်း ဝန်ကြီးချုပ် ကီရှီဒါက ဆိုသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# ကမ္ဘာလှည့်ခရီးသည်များအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများအတိုင်း လိုက်နာဆောင်ရွက်စေရမည်ဟု ထိုင်းနိုင်ငံပြောကြား



ဗန်ကောက် ဇန်နဝါရီ ၅

ထိုင်းနိုင်ငံသို့လာရောက်လည်ပတ်မည့် တရုတ်နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများမှ နိုင်ငံသားများအား နိုင်ငံအတွင်း ချမှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများအတိုင်း လိုက်နာဆောင်ရွက်စေရမည်ဖြစ်ကြောင်း ထိုင်းပြည်သူ့ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများက ဇန်နဝါရီ ၄ ရက်တွင် ပြောကြားသည်။

ထိုင်းနိုင်ငံတွင် လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်နိုင်သည့် စောင့်ကြည့်စစ်ဆေးနေဆဲရောဂါအမျိုးအစားအဖြစ် သတ်မှတ်ထားသော်လည်း နိုင်ငံအတွင်း လက်ရှိချမှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများသည် ပြည်ပနိုင်ငံများမှ ခရီးသည်များအား နိုင်ငံအတွင်း ဝင်ရောက်ရေးတွင် ကန့်သတ်ချက်တစ်စုံတစ်ရာ မဖြစ်စေနိုင်ကြောင်း ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကျန်းမာရေးဝန်ကြီး အနုတင်ချန် ဗီရာကားက ပြောကြားသည်။

ထိုင်းနိုင်ငံ၌ လက်ရှိချမှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးမူဝါဒများသည် ကမ္ဘာ့အဆင့်မီမူဝါဒများဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ထို့ပြင် ထိုင်းနိုင်ငံသို့လာရောက်သည့် ကမ္ဘာလှည့်ခရီးသည်တိုင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးစီးရေးနှင့် ထိုင်းနိုင်ငံအတွင်းသို့ မလာရောက်မီ ကိုဗစ်-၁၉ ရောဂါဆိုင်ရာခရီးသွားလာရေးအာမခံပြုလုပ်ရေးစသည့် စည်းမျဉ်းအသစ်များကို ထပ်မံချမှတ်ရေးအတွက် ထိုင်းနိုင်ငံမှ တာဝန်ရှိသူများက ညှိနှိုင်းဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။ ယခုနှစ်ပထမသုံးလအတွင်း တရုတ်ခရီးသည် သုံးသိန်းခန့် နိုင်ငံအတွင်းသို့ ရောက်ရှိလာနိုင်ကြောင်း ထိုင်းခရီးသွားလုပ်ငန်းတာဝန်ရှိသူများက ပြောသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

# ကမ္ဘောဒီးယားနိုင်ငံနှင့် ဒေသတွင်း ပြီးပြည့်စုံသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက် အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုတန်ဖိုးမြင့်တက်လာ

ဖနောင်ပင် ဇန်နဝါရီ ၅

ကမ္ဘောဒီးယားနိုင်ငံနှင့် ဒေသတွင်း ပြီးပြည့်စုံသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်(RCEP) အဖွဲ့ဝင်နိုင်ငံများအကြား ယမန်နှစ်အတွင်း ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၄ ဘီလီယံရှိခဲ့ကြောင်းနှင့် ရာခိုင်နှုန်းအရ ၇ ရာခိုင်နှုန်း တိုးတက်လာကြောင်း ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

## အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၇၃ ဘီလီယံရှိ

ယမန်နှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း ကမ္ဘောဒီးယားနိုင်ငံမှဒေသတွင်း ပြီးပြည့်စုံသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာသဘောတူညီချက်(RCEP) အဖွဲ့ဝင်နိုင်ငံများထံသို့ ပို့ကုန်တင်ပို့မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၅ ဒသမ ၆၇ ဘီလီယံရှိခဲ့ပြီး ၎င်းနိုင်ငံများမှ ကမ္ဘောဒီးယားသို့ သွင်းကုန်တန်ပို့မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၇၃ ဘီလီယံရှိခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံနှင့် အဓိကကုန်သွယ်မှုပြုလုပ်နေသည့် ဒေသတွင်း ပြီးပြည့်စုံသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာသဘောတူညီချက်(RCEP) အဖွဲ့ဝင်နိုင်ငံများမှာ တရုတ်၊ ဗီယက်နမ်၊ ထိုင်း၊ စင်ကာပူနှင့် ဂျပန်နိုင်ငံများဖြစ်သည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်အသက်ဝင်ခဲ့သည့် ဒေသတွင်း ပြီးပြည့်စုံသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာသဘောတူညီချက်(RCEP)၏အဖွဲ့ဝင်နိုင်ငံများမှာ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ဖြစ်ပြီး ၎င်းတို့နှင့် ကုန်သွယ်မှုမိတ်ဖက်နိုင်ငံများမှာ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ သြစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့ဖြစ်သည်။

ဒေသတွင်း ပြီးပြည့်စုံသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာသဘောတူညီချက်(RCEP)သည် ကမ္ဘောဒီးယားနိုင်ငံ၏ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်သည့် ယန္တရားအဖြစ် ရပ်တည်နေကြောင်း ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ပန်ဆိုဗီချက်က ပြောသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ



# ကမ္ဘောဒီးယားနိုင်ငံ၌ ၂၀၂၂ ခုနှစ်အတွင်း ငှက်ဖျားရောဂါ ကူးစက်ခံရသူ အရေအတွက် ၆ ရာခိုင်နှုန်း လျော့နည်း

ဖနောင်ပင် ဇန်နဝါရီ ၅

ကမ္ဘောဒီးယားနိုင်ငံ၌ ၂၀၂၂ ခုနှစ်အတွင်း ငှက်ဖျားရောဂါကူးစက်ခံရသူ ၄၀၄၂ ဦးကိုတွေ့ရှိခဲ့ရပြီး အဆိုပါ အရေအတွက်သည် ၂၀၂၁ ခုနှစ်က တွေ့ရှိခဲ့သည့် နိုင်ငံအတွင်း ငှက်ဖျားရောဂါကူးစက်ခံရသူ အရေအတွက်ထက် ၆ ရာခိုင်နှုန်းလျော့နည်းလာခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ငှက်ဖျားရောဂါထိန်းချုပ်ရေးဌာန ညွှန်ကြားရေးမှူး ဟွိုင်ရီကိုက ပြောသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ငှက်ဖျားရောဂါကာကွယ်ထိန်းချုပ်ရေးကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သဖြင့် နိုင်ငံအတွင်း ၂၀၁၈ ခုနှစ်မှစတင်၍ ငှက်ဖျားရောဂါဖြင့် သေဆုံးသူမရှိခဲ့ကြောင်း ၎င်းက ပြောသည်။

နိုင်ငံအတွင်း ယခုကဲ့သို့ ငှက်ဖျားရောဂါကူးစက်မှုကျဆင်းလာရခြင်းမှာ ငှက်ဖျားရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွင် နိုင်ငံသားများ၏ ပူးပေါင်းဆောင်ရွက်မှုအားကောင်းခြင်းနှင့် ဆေးစိမ်ခြင်ထောင်နှင့် ငှက်ဖျားရောဂါကုသဆေးများကို လုံလောက်စွာ ဖြန့်ဝေပေးနိုင်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ၎င်းက ပြောသည်။ လက်ရှိအချိန်တွင် နိုင်ငံအတွင်း နှစ်အလိုက်ငှက်ဖျားရောဂါကူးစက်မှု ကျဆင်းလာခြင်းနှင့်အတူ ၂၀၂၅ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၌ ငှက်ဖျားရောဂါလုံးဝကင်းစင်စေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

# အီရတ်နိုင်ငံက ယမန်နှစ် ဒီဇင်ဘာလအတွင်း ရေနံစိမ်းစည်ပေါင်း သန်း ၁၀၀ ကျော် တင်ပို့နိုင်ခဲ့

ဘဂ္ဂဒက် ဇန်နဝါရီ ၅

အီရတ်နိုင်ငံသည် ယမန်နှစ် ဒီဇင်ဘာလအတွင်း ရေနံစိမ်းစည်ပေါင်း ၁၀၃ သန်းကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ခဲ့ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၇ ဒသမ ၆ ဘီလီယံရရှိခဲ့ကြောင်း သိရသည်။

အထက်ပါကာလအတွင်း ရေနံစိမ်းများ ပြည်ပတင်ပို့ရာတွင် နိုင်ငံအလယ်ပိုင်းနှင့်တောင်ပိုင်းရှိ ရေနံတွင်းများမှ ရေနံစိမ်းစည်ပေါင်း ၁၀၀ ဒသမ ၇ သန်းနှင့် နိုင်ငံမြောက်ပိုင်းရှိ ရေနံတွင်းများမှ ရေနံစိမ်းစည်ပေါင်း နှစ်သန်းကျော်ပါဝင်ကြောင်းနှင့် ရေနံစိမ်းတစ်စည်၏ ပျမ်းမျှဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၇၃ ဒသမ ၆၄ ရှိခဲ့ကြောင်း အီရတ်နိုင်ငံ ရေနံဝန်ကြီးဌာနက ပြောသည်။

အီရတ်နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ ရေနံစိမ်းတင်ပို့ခြင်းလုပ်ငန်းဖြစ်ပြီး နိုင်ငံ့ဝင်ငွေ၏ ၉၀ ရာခိုင်နှုန်းကျော်ကို အဆိုပါလုပ်ငန်းမှ ရရှိသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ အမှတ်(၁)ရပ်ကွက်နေ နုနုဝါဦး (ခ) အနုဝါသည် ၎င်းအသုံးပြုသည့် "Nu Nu Wah Oo" Facebook အကောင့်နှင့် မွန်ပြည်နယ် ဘီးလင်းမြို့ ကန်သာယာရပ်ကွက်နေ မင်းခန့်စံသည် ၎င်းအသုံးပြုသည့် "Min Khant San" Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးညှင်းမြို့နယ်၊ မိုင်းဆတ်မြို့နယ်နှင့် နောင်ချိုမြို့တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၅**

မိုးညှင်းမြို့နယ်၊ မိုင်းဆတ်မြို့နယ်နှင့် နောင်ချိုမြို့တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၃ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မိုးညှင်းမြို့နယ် နန့်မွန်းကျေးရွာအနီး၊ နန့်မွန်း-မပြင်သွား ကားလမ်းတွင် ဇော်မျိုးဝင်း(ခ)ကိုနှောင်း မောင်းနှင်ပြီး အောင်ကိုဝင်း လိုက်ပါလာသည့် Pajero အမျိုးအစားမော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၂ ဒသမ ၇၅ ကီလိုကိုလည်းကောင်း၊ အလားတူ ဇန်နဝါရီ ၄ ရက် နံနက် ၁၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့နယ် လွယ်ပါရင်(၁)ကျေးရွာအနီး မိုင်းတွမ်း- တာချီလိတ်သွား ကားလမ်းတွင် အားအောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀၀ ကိုလည်းကောင်း၊ ထို့အတူ ဇန်နဝါရီ ၄ ရက် မွန်းလွဲ ၃ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့ ပါဟတ်ရပ်ကွက် အိုရီယမ်တယ်တိုးဂိတ်အနီးတွင် ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်ပါခရီးသည် မမြသွေးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၈၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။



ဇော်မျိုးဝင်း(ခ)ကိုနှောင်း နှင့် အောင်ကိုဝင်းတို့ကို သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

**သတင်းစဉ်**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၅**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချီလျက်ရှိသည်။

၇ -၁ - ၂၀၂၃ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၅)၊ အမှတ် (၁) တွင် ပညာဆိုသည်မှာ ခွဲခြမ်းသိမြင်နိုင်သော အသိဉာဏ်နှင့် အတတ်ဖြစ်ကြောင်းကို ရေးဖွဲ့ထားသည့် "ပုပုပါဝင်သည့်ပညာဆိုတာ" မျက်နှာဖုံးကာတွန်း၊ မွေးနေ့ပါတီဖြစ်ပေါ်လာပုံနှင့် မွေးနေ့ကိတ်အကြောင်း ကလေးတို့ ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် "မွေးနေ့ကိတ်ဆိုသည်မှာ..." သုတဆောင်းပါး၊ ကလေးတို့ကိုယ်တိုင် ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသော "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ သူတစ်ပါးအပေါ် အခကြေးငွေယူ၍ ကူညီရာက မိမိတွင်ပါလာသော ကုန်ပစ္စည်းများကိုပါ ရောင်းပြီး အကြွေးဆပ်လိုက်ရသော ကုန်သည်အကြောင်း သရုပ်ဖော်ထားသည့် "အလျော်အစား" နှစ်မျက်နှာကာတွန်း၊ နိုင်ငံ့ရင်သွေး၊ ရွှေသွေးလူငယ်မောင်မယ်များ၏ အနာဂတ်သည် ပညာရေးတိုးတက်ကောင်းမွန်မှုပေါ်တွင် မူတည်နေပုံကို ကျောင်းသားမိဘအားလုံး သဘောပေါက်နားလည်သွားပုံအကြောင်း တင်ဆက်ထားသည့် "မနက်ဖြန်ရဲ့အလင်းတစ်စက်" ဝတ္ထုကဏ္ဍ၊ တကယ်ရှိနေသော ပိုက်ဆံကို သူငယ်ချင်းအား ခွဲဝေမပေးနိုင်ဘူးဆိုသော ရွှေဖဲအကြောင်း သရုပ်ဖော်ထားသည့် "ရွှေဖဲ" တစ်မျက်နှာကာတွန်း၊ မိမိ၏ လူကဲခတ်မှန်ပြီး ဉာဏ်ကောင်းမှုကြောင့် သူခိုးဓားပြဘေးက လွတ်မြောက်သွားသော မောင်သုတအကြောင်း ရေးဖွဲ့ထားသည့် "ဉာဏ်ကောင်းတဲ့ခရီးသည်" ပုံပြင်ကဏ္ဍ၊ ခူဝံကြွယ်သည် ရွှေ့လျားမှုမရှိဘဲ အဘယ်ကြောင့် တစ်နေရာတည်းတွင် တည်ရှိနေသလဲ ဆိုသည့်အကြောင်း ရေးဖွဲ့ထားသည့် ဆရာမောင်နေခြည်(ပြည်)၏ "ခူဝံကြွယ်" ကဗျာကဏ္ဍအပါအဝင် ဉာဏ်စမ်းကဏ္ဍနှင့် ရွှေသွေးအင်္ဂလိပ်သဒ္ဒါကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။




**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၆-၁-၂၀၂၃ သောကြာနေ့

**MRTV HD**

| | |
|---|---|
| ၀၆:၀၀ | မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(အာဋာနာဋိယသုတ်) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | ပြည်သူအားလုံးနှင့်သက်ဆိုင်သောအနာဂတ်ဒီမိုကရေစီ |
| ၀၉:၁၀ | သီးနှံသဲရာဘားနဒ်(စ်)ရှာ |
| ၀၉:၃၅ | Soccer View |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၁:၄၀ | ရုပ်မြင်သံကြားဇာတ်လမ်း 'ပိုဖြူသာသော' |
| ၁၂:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါးဒါးအချစ်ချိုချို' (အပိုင်း-၃၄) |
| ၁၃:၃၀ | MRTV National News |
| ၁၅:၂၅ | လူငယ်ရေးရာအစီအစဉ်(မြန်မာ့ဂျူဒို လက်ရွေးစင်အားကစားသမား မစဲစီးလ်နှင့်တွေ့ဆုံခြင်း) |
| ၁၆:၃၅ | မျိုးဇုက်တင့်စေဆိုကရေးတီးအငွေ |
| ၁၇:၁၅ | ASEAN Information Exchange Initiative Program 2022 (Part-12) |
| ၁၇:၃၅ | Weekly Sports Info |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၅ | သုတဝေဖြာ သိရိဂေဟာ |
| ၁၉:၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါးဒါးအချစ်ချိုချို' (အပိုင်း-၃၅) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | MRTV သံစုံတီးဝိုင်းဖျော်ဖြေပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် |

**mitv**

| | |
|---|---|
| 07:02 | Evergreen Classic: Myitta (Kyawt Kay Khaing) |
| 07:07 | Snake Dancer |
| 07:16 | Reflected Glory |
| 07:40 | Let's Taste Delicious Insects |
| 07:54 | Kid's Home |
| 08:01 | News |
| 08:28 | Palm Resort |
| 08:35 | Mushroom Farming |
| 09:01 | Listening Pleasure, Instrumental Music (Banjo) Selection |
| 09:09 | The Third Prize Winner |
| 09:26 | Aesthetic Painting on Pathein Umbrella |
| 10:01 | News |
| 10:27 | Topical Topics (No.26) Harness Freshwater Sources & Effiently use Water |

**MRTV NRC**

ချင်း(လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀) ကိုယ်တိုင်စိတ်ကစ်လိမ်းခြယ်နည်း
ချင်း(ချိုး) (၀၇:၀၀ မှ ၀၈:၀၀) လုံယူးပွဲတော်
မွန် (၀၈:၀၀ မှ ၁၀:၀၀) ငါးရုံ့သရက်သီးချက်
ရခိုင် (၁၀:၀၀ မှ ၁၂:၀၀) ထိန်းသိမ်းစိုလေရိုးရာအမွေ
ရှမ်း (၁၂:၀၀ မှ ၁၄:၀၀) မောတို့ဌာနေမြို့ညောင်ရွှေနှင့်အင်းလေးအလှ
ဝ (၁၄:၀၀ မှ ၁၆:၀၀) စာအတူတူဖတ်ကြရအောင်
ကချင် (၁၆:၀၀ မှ ၁၈:၀၀) ကြက်ဆန်လှော်
ကယား (၁၈:၀၀ မှ ၂၀:၀၀) ပျားမွေးမြူရေး
ပအိုဝ်းကရင် (၂၀:၀၀ မှ ၂၁:၀၀) ရှုမြင်ခံစားအလှတရားများ
အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀) ချောင်းသာကမ်းခြေသို့အလည်တစ်ခေါက်
အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀) အိမ်နောက်ဖေးဈေးဆိုင်တည်ခြင်း

**MRTV NEWS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၉:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၀၉:၁၅ | ရသစုံစွာဤမြေကမ္ဘာ |
| ၀၉:၄၅ | နိုင်ငံ့ဓာတ်အားစနစ်အတွက်အထောက်အကူပြုနိုင်မယ့်တောင်တော်ကွင်း Solar Power Plant |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ(LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၂၁:၀၀ | ပြည်တွင်းသတင်း(LIVE) |

**MRTV PARLIAMENT**

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တစ်လင်နှင့်တစ်မယား' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်း |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း(အပိုင်း-၇) |
| ၁၁:၀၀ | ပြည်သူအားလုံးနှင့်သက်ဆိုင်သည့်အနာဂတ်ဒီမိုကရေစီ(အပိုင်း-၃) |
| ၁၁:၃၀ | အတွေးအမြင်(အပိုင်း-၇) |

**MRTV FARMERS'**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက် |
| ၀၆:၀၂ | တောင်သူလယ်သမားရေးရာသတင်း |
| ၀၆:၂၅ | မန္တလေးနို့ချက်စက်ရုံ |
| ၀၇:၀၀ | ကျေးလက်ကွန်ရက် |
| ၀၇:၅၅ | ဆန်ကိုအခြေခံ၍ကွတ်ကီးနှင့်ပေါင်မုန့်ပြုလုပ်ခြင်း |
| ၀၈:၂၀ | သုတို့ဝလေ့သုတို့စိုက်နည်း |
| ၀၉:၂၅ | အချိုဓာတ်မြင့်မားပိုကြံ့ဝါရှက်ချကြိပါစို့ |
| ၀၉:၅၀ | နှစ်ရှည်ဝင်ငွေတိုးစေဖို့စပျစ်စိုက်ကြစို့ |

**MRTV SPORTS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ်ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

Education Channel တို့ နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

## ကလေးအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၇၇ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိ

ကလေး ဇန်နဝါရီ ၅

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့တွင် အကျဉ်းဦးစီးဌာန ကလေးအကျဉ်းထောင်မှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ်(၁/၂၀၂၂)ဖြင့် အကျဉ်းသား အမျိုးသား ၆၆ ဦး၊ အမျိုးသမီး ၁၁ ဦး စုစုပေါင်း ၇၇ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးသည့် အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အဆိုပါ အကျဉ်းဦးစီးဌာန၌ ကျင်းပခဲ့သည်။



ရှေးဦးစွာ ကလေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စွာထွန်းနှင့် ခရိုင်ရဲတပ်ဖွဲ့မှူး၊ ဒုတိယရဲမှူးကြီးကြည်ဝင်းတို့က ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွတ်မြောက်ကြသည့် အကျဉ်းသား အကျဉ်းသူများအား ဆုံးမသြဝါဒစကား ပြောကြားခဲ့သည်။

ထို့နောက် ကလေးအကျဉ်းထောင်မှလက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မိုးဝင်းက အမှာစကားပြောကြားပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများအား ထောင်လွတ်လက်မှတ်နှင့် စားစရိတ်၊ ခရီးစရိတ်များကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## ဆားမလောက် စိုက်/မွေးစခန်း၌ အကျဉ်းသား ၃၄ ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

မအူပင် ဇန်နဝါရီ ၅

ဧရာဝတီတိုင်းဒေသကြီး ဆားမလောက် စိုက်/မွေးစခန်းရှိ အကျဉ်းသား ၃၄ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုသဖြင့် ပြန်လည်စေလွှတ်ခြင်းအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁ နာရီက စခန်း၏ ရှင်းလင်းဆောင်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ညောင်တုန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုး၊ စစ်အင်ဂျင်နီယာတပ်ရင်း(၉၀၅)မှ ဗိုလ်မှူးအောင်မျိုးသူ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မျိုးထက်၊ သတင်းတပ်ဖွဲ့မှ ရဲအုပ်ဇော်မျိုးလတ်၊ စခန်းတာဝန်ခံဦးစီးအရာရှိ ဦးတင့်ဆွေဝင်းတို့က အကျဉ်းသားများအား တွေ့ဆုံ၍ ဆုံးမသြဝါဒစကားများပြောကြားပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်လက်မှတ်များ၊ ခရီးစရိတ်ငွေများ၊ ထောက်ပံ့ငွေများနှင့်အသိပညာပေးလက်ကမ်းစာစောင်များပေးအပ်ကာ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မုံရွာမြို့အကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံနေရသူ ၇၄ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိ

မုံရွာ ဇန်နဝါရီ ၅



စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အကျဉ်းဦးစီးဌာန မုံရွာအကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံနေရသူများမှ အကျဉ်းသား အကျဉ်းသူ စုစုပေါင်း ၇၄ ဦးကို ဇန်နဝါရီ ၄ ရက်က ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပြုခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်း၊ ဒုတိယရဲမှူးကြီး သောင်းညွှန့်၊ မုံရွာအကျဉ်းထောင် တာဝန်ခံ အရာရှိ လက်ထောက်ညွှန်ကြား ရေးမှူး ဦးဝင်းမင်းလတ်နှင့် တာဝန်ရှိသူများက ပြစ်ဒဏ် လွတ်ငြိမ်းခွင့်ရရှိသူများအား ဆုံးမ စကားပြောကြားပြီး ထောင်ထွက် လက်မှတ်များ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များနှင့် ခရီးစရိတ်ငွေ၊ ထောက်ပံ့ငွေများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အကျဉ်းဦးစီးဌာန မုံရွာအကျဉ်းထောင်၌ ဇန်နဝါရီ ၄ ရက်တွင် ပြစ်ဒဏ် လွတ်ငြိမ်းခွင့်ရရှိသူ အမျိုးသား ၆၄ ဦး၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၇၄ ဦးဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန် /ဆက်)



## ဖျာပုံအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၈၆ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

ဖျာပုံ ဇန်နဝါရီ ၅

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ဖျာပုံအကျဉ်းထောင်တွင် ယမန်နေ့ မွန်းလွဲပိုင်းက ဖျာပုံအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၈၆ ဦးအား လွှတ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့သည့် အကျဉ်းသား အကျဉ်းသူများအား ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်လင်း၊ ဖျာပုံခရိုင်ရဲတပ်ဖွဲ့မှူး ဦးခင်မောင်လေး၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးဌေးဝေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးဌေးနိုင်ဦးနှင့် ဖျာပုံအကျဉ်းထောင် တာဝန်ခံအရာရှိ ဦးစရွှေမင်းသားတို့က ဆုံးမသြဝါဒစကားများ ပြောကြားပြီး စားစရိတ်၊ ခရီးစရိတ်၊ လုပ်အားရှင်ဆုငွေနှင့် လွတ်ငြိမ်းခွင့် လက်မှတ်များအား ပေးအပ်ကြသည်။ ဖျာပုံအကျဉ်းထောင်မှ ပြစ်ဒဏ် လွတ်ငြိမ်းခွင့်ရရှိသူ အကျဉ်းသား ၇၀၊ အကျဉ်းသူ ၁၆ ဦး စုစုပေါင်း ၈၆ ဦးတို့အား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်ကြောင်း သိရသည်။

၂၀၇

## ပုသိမ်အကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ စုစုပေါင်း ၂၃၃ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိ

ပုသိမ် ဇန်နဝါရီ ၅

ပုသိမ်အကျဉ်းထောင်မှ အကျဉ်းသား ၂၀၄ ဦး၊ အကျဉ်းသူ ၂၉ ဦး စုစုပေါင်း ၂၃၃ ဦးကို ဇန်နဝါရီ ၄ ရက် မွန်းလွဲပိုင်းက ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ပုသိမ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးတင်ထွန်းအောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မိုး၊ ပုသိမ်အကျဉ်းထောင် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်လင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ရဲရန်အောင်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းဦးနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသည့် အကျဉ်းသား အကျဉ်းသူများအား ရပ်ကွက်အတွင်း ကောင်းမွန်စွာ နေထိုင်ရန်၊ ထောင်လွတ်ဝရမ်းအား သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရဲစခန်းများသို့ သွားရောက်ပေးပို့ရန်၊ နောက်တစ်ကြိမ်ပြစ်မှု ထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်ပါ ဆက်လက်ကျခံရမည်ဖြစ်ကြောင်း ဆုံးမသြဝါဒစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

မြင့်ဟန်(ပြန်/ဆက်)





## လားရှိုးအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသား အကျဉ်းသူ စုစုပေါင်း ၁၀၁ ဦး လွှတ်ပေး

လားရှိုး ဇန်နဝါရီ ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း )လားရှိုးမြို့ လားရှိုးအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသည့် အကျဉ်းသားများအား လွှတ်ပေးသည့် အခမ်းအနားကို ဇန်နဝါရီ ၄ ရက် မွန်းလွဲ ၁ နာရီက လားရှိုးအကျဉ်းထောင်ရှိ ဓမ္မာရုံ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ဝေဠုသတိုး၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဆန်း၊ အကျဉ်းထောင်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းကျော်တင့်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်သူမြင့်၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းမင်းတင့်တို့ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ဝေဠုသတိုးနှင့် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဆန်းတို့က ဆုံးမသြဝါဒစကားများ ပြောကြားခဲ့သည်။ ထို့နောက် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသည့် အကျဉ်းသား ၇၄ ဦး၊ အကျဉ်းသူ ၂၇ ဦး စုစုပေါင်း ၁၀၁ ဦးအား လွှတ်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## ပွင့်ဖြူမြို့နယ် ဖူးပွင့်(မျိုးသန့်)စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းက မိုးစပါးများ စိုက်ပျိုးထွက်ရှိ

ပွင့်ဖြူ ဇန်နဝါရီ ၅

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ဖူးပွင့်မျိုးသန့်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းက အသင်းပိုင်စိုက်ပျိုးမြေဧက ၁၈၀ နှင့် အသင်းသားပိုင် စိုက်ပျိုးမြေဧက ၂၀ ပေါ်တွင် ရက် ၁၀၀ စပါး၊ ရွှေဆည်ရင်၊ ဆာဖိုးသာ(၁)၊ ပခန်းရွှေဝါ၊ ပေါ်ဆန်းရင်၊ ပေါ်ဆန်းနက်နှင့် ဧရာမင်းစပါးများ စိုက်ပျိုးထားရှိသည်။ ယခုအခါ စိုက်ပျိုးခဲ့သည့် စပါးများအနက်မှ ပေါ်ဆန်းရင် တစ်ဧကအထွက်နှုန်း တင်း ၇၀၊ ပေါ်ဆန်းနက်စပါး တစ်ဧကအထွက်နှုန်း တင်း ၄၀၊ ဧရာမင်းစပါး တစ်ဧကအထွက်နှုန်း တင်း ၉၀ ပျမ်းမျှထွက်ရှိသည်။

ထို့ပြင် ဖူးပွင့်မျိုးသန့်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းပိုင် စိုက်ပျိုးမြေများတွင် မျိုးစေ့ထုတ်လုပ်ရောင်းချသည်သာမက အကျိုးတူ တောင်သူများနှင့်လည်း မျိုးကောင်းမျိုးသန့်များ ထောက်ပံ့ပေးခြင်း၊ နည်းပညာများ ပံ့ပိုးကူညီပေးခြင်း၊ သက်တမ်းအလိုက် သုံးစွဲရမည့် မြေဆီသြဇာနှင့် ပိုးသတ်ဆေးများကိုလည်း မျှဝေဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

အသင်းအနေဖြင့် နွေစပါးစိုက်ပျိုးမှုတွင်လည်း အသင်းပိုင်ဧက ၁၀၀ နှင့် အကျိုးတူ တောင်သူများနှင့်ဧက ၄၀၀ စုစုပေါင်း ဧက ၅၀၀ ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# သာစည်မြို့နယ်၌ အားကစားပြိုင်ပွဲများနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**သာစည် ဇန်နဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူး၍ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများနှင့် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီက မြို့နယ်အားကစားပြိုင်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။



အားကစားပြိုင်ပွဲများတွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြပြီး မီတာ ၁၀၀ ကျား/မ အပြေးပြိုင်ပွဲ၊ မီတာ ၁၀၀ ကျား/မ အာလူးကောက်ပြိုင်ပွဲ၊ မီတာ ၁၀၀ ကျား/မ အိတ်စွပ်ပြေးပြိုင်ပွဲနှင့် ကျား/မ လွန်ဆွဲပြိုင်ပွဲ၊ မီတာ ၁၀၀ ဆန်ကောရွက်၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ ခေါင်းအုံးရိုက်နှင့် ချောတိုင်တက်ပြိုင်ပွဲများပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး တစ်ဦးချင်းဆုများနှင့် အသင်းအဖွဲ့အလိုက်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မြဝတီမြို့၌ အနုပညာစွမ်းရည်ဖော်ထုတ်ပွဲနှင့် စာပေအားကစားထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**မြဝတီ ဇန်နဝါရီ ၅**

အနုပညာစွမ်းရည် ဖော်ထုတ်ပွဲနှင့် စာပေအားကစားထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ကရင်ပြည်နယ် မြဝတီမြို့ရှိ ပညာရွှေဖူး ကိုယ်ပိုင်မူလတန်းကျောင်း၌ ဇန်နဝါရီ ၄ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဒီဇင်ဘာလပတ်စာမေးပွဲတွင် ဘာသာစုံအမှတ်ပြည့်(A)



အဆင့်ရကျောင်းသား ကျောင်းသူများနှင့် အားကစားထူးချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား မြဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ အဖွဲ့ဝင် ဦးစိန်သောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးအောင်မင်းစိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပညာရွှေဖူး ကိုယ်ပိုင်မူလတန်းကျောင်းတည်ထောင်သူ ဦးသန်းရွှေနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။

ဆက်လက်ပြီး ကျောင်းသားကျောင်းသူများက တေးသီချင်းသီဆိုခြင်း၊ တေးသရုပ်ဖော်ကပြခြင်း၊ ပုံပြင်ပြောခြင်းနှင့် ပြဇာတ်တင်ဆက်ကပြခြင်း များအားဖျော်ဖြေတင်ဆက်ပြီး အနုပညာစွမ်းရည်ဖော်ထုတ်ပွဲကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)



# တိုက်ကြီးမြို့နယ် တာဂွကျေးရွာ၌ ကွန်ကရစ်လမ်းဖွင့်ပွဲ ကျင်းပ

**တိုက်ကြီး ဇန်နဝါရီ ၅**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် တာဂွကျေးရွာ၌ ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် လမ်းအရှည် ပေ ၄၀၀၊ အကျယ် ၁၀ ပေနှင့် ဒု ခုနစ်လက်မအား နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၁၀ သန်း၊ ပြည်သူ ထည့်ဝင်ငွေကျပ်သုည ဒသမ ၅ သန်း စုစုပေါင်း ၁၀ ဒသမ ၅ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ကျေးရွာတွင်း ကွန်ကရစ်လမ်းဖွင့်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် တိုက်ကြီးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး တိုက်ကြီးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်လွဲ့လွဲ့မွန်က စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဦးကျော်သူကိုကို၊ တိုက်ကြီးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်လွဲ့လွဲ့မွန်၊ တိုက်ကြီးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးစိုးဝင်းမောင်၊ တိုက်ကြီးခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဒေါ်ခင်ခင်အိတို့က ကျေးရွာတွင်းကွန်ကရစ်လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၁-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၄၅ | ၁၉၉၀ | ၁၉၈၅ | ၁၉၅၀ | ၁၉၉၀ | ၂၀၁၀ | ၁၉၉၅ | ၁၉၇၅ | ၂၀၇၀ | ၂၀၈၅ | ၁၉၈၀ | ၁၉၉၀ | ၂၀၂၅ | ၂၀၂၅ | ၂၀၃၀ | ၂၂၄၅ | ၂၇၆၀ |
| 95 Ron | ၂၀၁၀ | ၂၀၆၀ | ၂၀၅၅ | ၂၀၂၀ | ၂၀၅၅ | ၂၀၈၀ | ၂၀၆၅ | ၂၀၄၅ | ၂၁၃၅ | ၂၁၅၅ | ၂၀၅၀ | ၂၀၆၅ | ၂၀၉၅ | ၂၀၉၅ | ၂၀၉၅ | ၂၃၁၅ | ၂၈၄၀ |
| HSD (500 ppm) | ၂၂၃၀ | ၂၂၇၅ | ၂၂၇၀ | ၂၂၃၅ | ၂၂၇၅ | ၂၂၉၅ | ၂၂၉၀ | ၂၂၆၀ | ၂၃၇၅ | ၂၃၇၀ | ၂၂၆၅ | ၂၂၇၅ | ၂၃၁၀ | ၂၃၁၀ | ၂၃၁၅ | ၂၅၃၀ | ၃၄၈၅ |
| HSD (50 ppm) | ၂၃၁၀ | ၂၃၅၅ | ၂၃၅၀ | ၂၃၁၅ | ၂၃၅၅ | ၂၃၇၅ | ၂၃၇၀ | ၂၃၄၀ | ၂၄၅၅ | ၂၄၅၀ | ၂၃၄၅ | ၂၃၅၅ | ၂၃၉၀ | ၂၃၉၀ | ၂၃၉၅ | ၂၆၁၀ | ၃၅၁၅ |
| HSD (10 ppm) | ၂၃၁၀ | ၂၃၅၅ | ၂၃၅၀ | ၂၃၁၅ | ၂၃၅၅ | ၂၃၇၅ | ၂၃၇၀ | ၂၃၄၀ | ၂၄၅၅ | ၂၄၅၀ | ၂၃၄၅ | ၂၃၅၅ | ၂၃၉၀ | ၂၃၉၀ | ၂၃၉၅ | ၂၆၁၀ | ၃၅၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၄၇ | ၁၉၁၈ |
| 95 Ron | ၁၉၁၃ | ၁၉၈၅ |
| HSD (500 ppm) | ၂၁၂၈ | ၂၂၀၀ |
| HSD (50 ppm) | ၂၂၀၁ | ၂၂၇၅ |
| HSD (10 ppm) | ၂၂၀၁ | ၂၂၇၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် ပါဝင်ဆင်နွှဲခဲ့ကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် ကျောင်းသား ကျောင်းသူများ နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာကြည့်ရှု



နေပြည်တော် ဇန်နဝါရီ ၅

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် ပါဝင်ဆင်နွှဲခဲ့ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာကြည့်ရှုကြသည်။

ရှေးဦးစွာ လေ့လာရေးအဖွဲ့သည် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်နေမှုအခြေအနေများကို လှည့်လည်လေ့လာကြည့်ရှုကြသည်။

ထို့မှ တစ်ဆင့်လေ့လာရေးအဖွဲ့သည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး စေတီတော်မြတ်ကြီးအနီးရှိ တပေါင်းကွင်း၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာပြခန်းများနှင့် ဂုဏ်ပြုယာဉ်များ ခင်းကျင်းပြသထားမှုတို့ကို လေ့လာ ကြည့်ရှုကြသည်။

သတင်းစဉ်



# မင်္ဂလာတောင်ညွန့်မြို့နယ်၌ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုပေးပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

မင်္ဂလာတောင်ညွန့်မြို့နယ်၌ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုပေးပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် စံပြဖဆပလ ရပ်ကွက် အောင်ဆန်းအားကစားကွင်း မိုးလုံလေလုံခန်းမ၌ ပြုလုပ်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လွင်နှင့်အဖွဲ့၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြသိန်းထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ခဲ့ကြသည်။

အလားတူ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ မြို့နယ်အဆင့်ကျပန်းစကားပြောပြိုင်ပွဲ၊ ခရိုင်အဆင့်စာစီစာကုံး/ပန်းချီပြိုင်ပွဲ ဆုရကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခြင်းကို မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး(တောင်)ရပ်ကွက် အထက-၄ ကျောင်း၌ ပြုလုပ်ခဲ့သည်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

# ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ရွှေပညာဒါန(အခမဲ့) သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းကကြီးမှူး၍ (၂၂)ကြိမ်မြောက် ရွှေပညာဒါန(အခမဲ့) ရွှေသင်တန်းအသိပညာပေး သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ ရက်က အသင်းရုံးတည်ရှိရာ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က အမှာစကားပြောကြားပြီး အသင်းဒုတိယဥက္ကဋ္ဌ ဦးကျော်ငြိမ်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။

ယင်းနောက် အသင်းအထွေထွေအတွင်းရေးမှူး ဦးဝင်းမြင့်က သင်တန်းတွင်ပို့ချမည့်ဘာသာရပ်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်ကရွှေတူးဖော်ခြင်းဘာသာရပ်ကိုသင်ကြားပို့ချသည်။ (၂၂)ကြိမ်မြောက် ရွှေပညာဒါန (အခမဲ့) ရွှေသင်တန်းအသိပညာပေးသင်တန်းကို ရွှေလုပ်ငန်းရှင် သင်တန်းသား ၆၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၀ ရက်ကြာမြင့်မည်ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းသည် ရွှေပညာဒါန( အခမဲ့ )ရွှေသင်တန်းအသိပညာပေးသင်တန်းကို ၂၀၁၂ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ရာ သင်တန်းသား သင်တန်းသူ ၂၀၀၀ ကျော် တက်ရောက်ခဲ့ကြောင်းသိရသည်။

မျိုးမင်းသူရ



# မဟာအောင်မြေမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်း မြေပြင်ကွင်းဆင်း စမ်းသပ်ကောက်ယူ



မန္တလေး ဇန်နဝါရီ ၅

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာမြိုင်(၂)ရပ်ကွက် မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူရေးအဖွဲ့က မြေပြင်လူဦးရေစာရင်းကွင်းဆင်း၍ (အကြို) စမ်းသပ်ကောက်ယူခြင်းကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်သည်။

မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်မြင့်ဦးနှင့် တာဝန်ရှိသူများပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ အဆိုပါ မြေပြင်တစ်အိမ်တက်ဆင်းကွင်းဆင်းကောက်ယူရေးအဖွဲ့က စာရင်းကောက်ယူနေမှုအား မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးယဉ်ထွေးက လာရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ညွှန်ကြားခဲ့သည်။

ထိုသို့ ကွင်းဆင်းကောက်ယူခဲ့ရာ အိမ်ထောင်စု ၄၂ စု၊ အမျိုးသား ၁၁၀၊ အမျိုးသမီး ၁၁၅ ဦး၊ မသန်စွမ်း အမျိုးသား တစ်ဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်းလူဦးရေ ၂၂၇ ဦး ကောက်ယူနိုင်ခဲ့ကြောင်း သိရသည်။

အောင်ဇော်မင်း

# စဥ့်ကူးမြို့နယ် စားကျက်ကလေးကျေးရွာ၌ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

စဥ့်ကူး ဇန်နဝါရီ ၅

မန္တလေးတိုင်းဒေသကြီး စဥ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ထုံးကြီးကျေးရွာအုပ်စု စားကျက်ကလေးကျေးရွာ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ စဥ့်ကူးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းကျော်နိုင်က အဖွင့်အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်အောင်စိုးက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကွန်ကရစ်လမ်းခင်းကျင်းမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းကျော်နိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်အောင်စိုးနှင့် ထုံးကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးတို့က ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ ကွန်ကရစ်လမ်းသစ်သည် အရှည် ပေ ၁၀၀၀၊ အကျယ် ၁၂ ပေ၊ ဒုခြောက်လက်မရှိပြီး နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကျပ် သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၅၅ သိန်းကျော်နှင့် ဌာနအင်ဂျင်နီယာများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ ကျေးရွာသားများက ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

မြို့နယ်(ပြန်/ဆက်)

✻ ကျောဖုံးမှ

ထိုသို့တွေ့ရှိရသည့် ဆောင်းခိုရေပျော်ငှက်မျိုးစိတ်များနှင့် ဒေသရေပျော် ငှက်မျိုးစိတ်များသည် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ဆောင်းခိုရေပျော်ငှက် မျိုးစိတ်တစ်မျိုးနှင့် ကောင်ရေ ၃၄၀၀ ကျော် လျော့နည်းလျက်ရှိကြောင်း၊ သွားလာရာတွင် အခက်အခဲများရှိခြင်းနှင့် ကိုင်းတောများထူထပ်ခြင်းတို့ကြောင့် ငှက်မျိုးစိတ်များကို မြင်တွေ့နိုင်ရန်နှင့် ကောင်ရေများရေတွက်ရာတွင် ခက်ခဲလှသဖြင့် ငှက်မျိုးစိတ်နှင့် အကောင်ရေများမှတ်တမ်းတင်ရာတွင် ယခင်နှစ်ထက် လျော့နည်းလျက်ရှိကြောင်း သိရသည်။

အင်းတော်ကြီး တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၌ ရေကြက်ဒုံ၊ ဘဲဖြူနက်၊ တောငန်း၊ ခရုစုတ်အနက်၊ ကြိုးကြာခေါင်းမည်း၊ စင်ရော်ခေါင်းညို၊ စင်ရော်ခေါင်းမည်း၊ ဘဲနီစပ်၊ ဘဲကျားလေး၊ ဘဲဟင်္သာနှင့် ပို့ချပ်ဘဲ စသည်တို့ အများဆုံး တွေ့ရကြောင်း သိရသည်။

အင်းတော်ကြီးအိုင်သည် မြန်မာနိုင်ငံ၏ အလှဆုံးနှင့် အကြီးဆုံးကုန်းတွင်းရေချိုအိုင်ကြီးဖြစ်၍ အရှေ့တောင်အာရှတွင် တတိယအကြီးဆုံးအိုင်လည်းဖြစ်ကာ နို့တိုက်သတ္တဝါမျိုးစိတ် ၄၇ မျိုး၊ ကုန်းနေ၊ ရေနေနှင့် တွားသွားသတ္တဝါမျိုးစိတ် ၉၁ မျိုး၊ ငါးမျိုး စိတ် ၉၄ မျိုး၊ ရေပျော်ငှက်မျိုးစိတ် ၁၀၅ မျိုးနှင့် သစ်တောငှက်မျိုးစိတ် ၄၀၀ တို့ နေထိုင်ကျက်စား လျက်ရှိကြောင်း၊ အင်းတော်ကြီးအိုင်နှင့် ဆက်စပ်ရေဝပ်ဒေသများကို အရှေ့အာရှ-ဩစတြေးလျ ငှက်ပျံသန်းရာလမ်းကြောင်းရှိ အရေးကြီးရေဝပ်ဒေသအဖြစ် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် သတ်မှတ်ခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် အာဆီယံအမွေအနှစ် ဥယျာဉ်၊ ၂၀၁၆ ခုနှစ်တွင် ကမ္ဘာ့အဆင့် ရမ်ဆာရေဝပ်ဒေသ၊ ၂၀၁၇ ခုနှစ်တွင် ဇီဝအဝန်းနယ်မြေ၊ ၂၀၁၉ ခုနှစ်တွင် Wetland Link Asia – Wli Asia အဖြစ် အသီးသီးသတ်မှတ်ခံခဲ့ရကြောင်း အင်းတော်ကြီးဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

ရွှေမိုးညွှန်း

**သင့်ကျန်းမာရေးအတွက် နေ့စဉ် နံနက်စောစောလမ်းလျှောက်ပေးပါ**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

၂-၁-၂၀၂၃ ရက်မှအဆက်

ခုလည်း ပါသမျှပိုက်ဆံမှာ ကုန်သလောက်ရှိတော့သည်။ အိမ်တွင်နေစဉ်က 'မ' ကိုယ်တိုင်သိမ်းထားသော ငွေနှစ်ရာကျော် သုံးရာလောက်မှာ အိမ်တွင်း တိုလီမိုလီကအစ ဝယ်ရသဖြင့် ကုန်သွားတော့သည်။ ကိုဘခက်တွင်ရှိသောငွေမှာလည်း 'မ' လက်သို့ အားလုံးအပ်ထားခဲ့ရာ အိမ်သုံးစရိတ်ဖြင့်ပင် တတိတိ ကုန်သွားပြန်သည်။

လက်ထဲတွင် ငွေမရှိတော့လည်း 'မ' မှာ အလိုလိုအားငယ်မိသည်။

သို့အားငယ်သော်လည်း ချစ်လင်ကိုကား ဖွင့်၍မပြောရဲချေ။ ဖွင့်ပြောလိုက်လျှင် ချစ်လင် စိတ်မကောင်းဖြစ်မည်ကို စိုးရိမ်မိသည်။ နောက်ဆုံး ငွေပြတ်လျှင် ကိုယ်တွင်ပါလာသော ဆွဲကြိုးနှင့် နားကပ်ကို ထုခွဲ၍စားမည်ဟု ဆုံးဖြတ်ထားသည်။

ယခုလို အကျပ်အတည်းရောက်တော့မည့် အခြေအနေခရီးတွင် ကိုဘခက်၏ တယောထိုးခငွေကလေး ရပြန်တော့လည်း အသက်ရှူချောင်သလို ရှိတော့သည်။

ထို့ကြောင့်လည်း 'မ' က ကိုဘခက်ကို အားပေးစကားပြောလိုက်ခြင်းဖြစ်သည်။

ကိုယ်ရေးကြုံတော့လည်း သက်လုံကောင်းရသည်။ ငတ်မည့်အရေးကြုံလျှင် ကိုယ်တတ်ထားသောပညာဖြင့် လုပ်ကိုင်စားသောက်မည်။

သူ၏အနုပညာကိုတော့ တန်ဖိုးအလျှော့မခံဟု ဆုံးဖြတ်ထားမိသည်။


ကိုဘခက်ကမူ 'မ' အဖြစ်ကို ရိပ်မိပုံမပေါ်ချေ။ ဘဝရှေ့ရေးကိုသာတွေးရင်း စိတ်ပူနေဟန်ရှိသည်။

"ငတ်တဲ့ဘဝတော့ အရောက်မခံပါဘူး 'မ' ရယ်၊ နောက်ဆုံး လမ်းဘေးမှာ တယောထိုးပြီး တောင်းစားရစားရ 'မ' ကိုတော့ မငတ်စေရဘူး"

"မောင့်ပညာကို 'မ' အတွက် တစ်ရွေးသား အထိခိုက်မခံပါဘူး မောင်ရယ်။ 'မ' အတွက်သာ မောင့်ပညာကို ထိခိုက်လာမယ်ဆိုရင် 'မ' လေ မောင်နဲ့ဝေးရာကို ပြေးတော့မှာပဲ"

ကိုဘခက်က 'မ' ၏ပါးစပ်ကို လက်ဝါးဖြင့်အုပ်လိုက်သည်။ ပြီးမှ တစ်ကိုယ်လုံးကို ရင်ခွင်တွင်းသို့ ပွေ့ယူဖက်ထားလိုက်သည်။

"ကိုယ့်ဘဝမှာ ကိုယ်အမြတ်နိုးဆုံး အရာနှစ်ခုကို ဆုံးရှုံးခံရမယ်ဆိုရင် ကိုယ်




ဟာ ဒီလောကထဲမှာ ရပ်တည်ပြီး နေချင်စိတ်တောင်ရှိတော့မှာမဟုတ်ဘူး။ ဒါကိုတော့ 'မ' စွဲစွဲမြဲမြဲ ယုံစားစေချင်တယ်။ လောကမှာ ကိုယ်အမြတ်နိုးဆုံးအရာ နှစ်ခုရှိတယ်။ တစ်ခုက ဂီတအနုပညာ၊ နောက်တစ်ခုက 'မ' ပဲ။ ဒီနှစ်ခုစလုံးဖြစ်စေ၊ တစ်ခုခုပဲဖြစ်စေ ကိုယ်ဆုံးရှုံးသွားရင် ကိုယ်ဟာ လူ့ပြည်မှာရှိနေလည်း ရှင်လျက်နဲ့ သေနေတာပဲလို့ မှတ်ထားပေတော့"

ကိုဘခက်က သူ၏စိတ်ရင်းအတိုင်း ဖွင့်ဟလိုက်ပြန်တော့လည်း 'မ' မှာ နားထောင်ရင်း ရင်တုန်မိတော့သည်။ 'မ' က ကိုဘခက်၏လည်ပင်းကို သူ၏လက်နှစ်ဖက်ဖြင့် ဖက်လိုက်ပြီးလျှင် ပါးချင်းကပ်ထားလိုက်သည်။

ပြီးတော့လည်း တုန်ယင်လှိုက်လှဲသော အသံဖြင့် တောင်းပန်လိုက်ရှာသည်။

"အလကားပါ မောင်ရယ်၊ 'မ' ဟာ မောင့်အနားက တစ်ဖဝါးမခွာနိုင်လို့ မောင့်နောက်ကို လိုက်လာတာမဟုတ်လား။ မောင်နဲ့ 'မ' မခွဲနိုင်ပါဘူးမောင်ရယ်။ ဒါပေမဲ့ 'မ' ရင်ထဲမှာရှိတဲ့အတိုင်း ပြောရရင် 'မ' အတွက်ကြောင့် မောင့်မှာ မပင်ပန်းစေချင်ဘူး။ 'မ' ရဲ့ စားဝတ်နေရေးကြောင့် မောင့်ပညာကို မဆုံးရှုံးစေချင်ဘူး။ မောင့်နောက်ကို 'မ' လိုက်လာတာဟာ မောင့်ပါရမီကို ကူညီဖြည့်စွမ်းချင်လို့ပါ။ ဒီစေတနာနဲ့ 'မ' ပြောတာပါ။ 'မ' က စေတနာနဲ့ပြောလိုက်တဲ့စကားဟာ မောင့်အပေါ်မှာ လွန်ကျူးရာကျရင် ခွင့်လွှတ်ပါမောင်"

ကိုဘခက်သည် 'မ' တစ်ကိုယ်လုံးကို တအားဖက်၍ထားလိုက်မိသည်။

ချစ်သူ၏ သန့်ရှင်းမွန်မြတ်သော စေတနာကိုတွေ့ရပြန်တော့လည်း မဖော်ပြနိုင်အောင် ကြည်နူးနှစ်သိမ့်မိသည်။

"'မ' က လိမ္မာသိမ်မွေ့လွန်းလေ ကိုယ့်မှာ ရင်မောလေပဲ 'မ' ရယ်။ ဘာပဲဖြစ်ဖြစ် ကိုယ်တို့ရှန်းကန်ရမယ့်ခရီးကတော့ ကြာလိမ့်ဦးမယ်။ ဒီအချိန်အတွင်း 'မ' စိတ်မငယ်ဖို့ပဲလိုတယ်"

"မောင်နဲ့အတူနေရသမျှ 'မ' ဘယ်တော့မှ စိတ်မငယ်ဘူးဆိုတာ ယုံစမ်းပါ မောင်ရယ်။ နေစမ်းပါဦး ... 'မ' ကို မောင်အခုထိမယုံသေးဘူးလား"

"ယုံပါတယ်ဗျာ၊ ယုံတာထက်လွန်လို့ ရင်ထဲမှာ မောနေရတာ"

'မ' သည် ကိုဘခက်၏အင်္ကျီကော်လံကို ဖြန့်လိုက်ခေါက်လိုက် လုပ်နေရင်းမှ မပွင့်တပွင့်ပြုံးလိုက်သည်။

ကိုဘခက်က 'မ' ၏ လည်တိုင်ကြော့ကလေးကို လက်ဖြင့် အသာပွတ်နေမိသည်။

**"ကိုယ့်ဘဝမှာ ကိုယ်အမြတ်နိုးဆုံးအရာနှစ်ခုကို ဆုံးရှုံးခံရမယ်ဆိုရင် ကိုယ်ဟာ ဒီလောကထဲမှာရပ်တည်ပြီး နေချင်စိတ်တောင် ရှိတော့မှာမဟုတ်ဘူး။ ဒါကိုတော့ 'မ' စွဲစွဲမြဲမြဲ ယုံစားစေချင်တယ်။ လောကမှာ ကိုယ်အမြတ်နိုးဆုံးအရာ နှစ်ခုရှိတယ်။ တစ်ခုက ဂီတအနုပညာ၊ နောက်တစ်ခုက 'မ' ပဲ။ ဒီနှစ်ခုစလုံးဖြစ်စေ၊ တစ်ခုခုပဲဖြစ်စေ ကိုယ်ဆုံးရှုံးသွားရင် ကိုယ်ဟာ လူ့ပြည်မှာရှိနေလည်း ရှင်လျက်နဲ့ သေနေတာပဲလို့ မှတ်ထားပေတော့" ကနေ့တော့ 'မ' သည် ကိုဘခက်၏အဝတ်အစားများကို မီးပူတိုက်ပြီးလျှင် သေတ္တာထဲသို့ နေရာတကျထည့်ရန် ဟန်ပြင်လိုက်သည်။ သေတ္တာကိုဖွင့်လိုက်လျှင်ပင် ပို့စ်ကတ်အရွယ် ဓာတ်ပုံတစ်ပုံကို မမျှော်လင့်ဘဲ တွေ့ရသည်။ မိန်းကလေးဓာတ်ပုံ . . .**

"ကနေ့ ကိုယ်လေ စောင်းမရှိတာ ငွေသုံးဆယ်လောက် နာသွားတယ်။ သီချင်းတွေသွင်းတော့ စောင်းနဲ့ တစ်ပုဒ်သွင်းရမယ်။ အဲဒါ စောင်းမရှိတော့ မယ်ဒလင်နဲ့ သွင်းလိုက်တာပေါ့။ စောင်းသာရှိရင် ကိုယ်တီးရမှာ"

ကိုဘခက်စကားကို နားထောင်ရင်း 'မ' မှာ နေ့ခင်းကကိစ္စကို သွား၍ သတိရမိသည်။ ဦးကျော်ဒင်ပေးသောငွေကိုသာ ယူလိုက်လျှင် ကိုဘခက်အတွက် စောင်းတစ်လက် ကောင်းကောင်းဝယ်၍ပေးနိုင်မည်။

အမှန်တော့လည်း ဖခင်ကြီးစိတ်ကျေနပ်အောင်ပင် ပေးသောငွေကို ယူထားလိုက်ချင်သည်။

သို့သော် ကိုဘခက်၏သဘောထားကို မသိရ၍ မယူလိုက်ခြင်းဖြစ်သည်။

ကိုဘခက်က စောင်းအကြောင်းပြောမှပင် 'မ' သည် ဖခင်ကြီးငွေလာပေးသည်ကို ကိုဘခက်အား ပြောမိတော့သည်။

"သြော်...ဒါထက် မောင့်ကိုပြောရဦးမယ်။ နေ့ခင်းက ဖေဖေကြီးလာတယ်။ မောင့်ကိုလည်းမေးတယ်"

"ဟင် ... ဦး လာသလား။ ဘာတွေပြောသွားသေးလဲ၊ 'မ' ကိုရော ပြန်မျှားခေါ်သေးလား"

ကိုဘခက်သည် မမျှော်လင့်သော သတင်းကို ကြားလိုက်ရသဖြင့် တအံ့တသြ ဖြစ်နေတော့သည်။ 'မ' က ကိုဘခက် စိုးရိမ်ပူပန်တတ်ပုံကို တွေးရင်း ပြုံးမိသည်။

"'မ' ကို ပြန်မခေါ်ပါဘူး မောင်။ 'မ' တို့ ဘယ်လိုနေတယ်ဆိုတာ လာပြီးအကဲခတ်တာပါ။ ပြီးတော့ ငွေလည်းအတင်းပေးသွားတယ်။ 'မ' ကတော့ ဖေဖေကြီး စိတ်ချမ်းသာအောင် လက်ခံမလို့ပါပဲ။ ဒါပေမဲ့ မောင်က ကျေနပ်ချင်မှကျေနပ်မှာမို့ လက်မခံလိုက်ဘူး။ အကြောင်းရှိရင် မောင်အေးဆီကို စာရေးလွှတ်လိုက်တဲ့။ ငါးရာ၊ တစ်ထောင်ကတော့ အချိန်မရွေး ပေးမယ်လို့ ပြောတယ်။ မောင်စောင်းဝယ်ချင်ရင် တောင်းလိုက်မယ်လေ"

ကိုဘခက်သည် တစ်ချက်မျှ ငိုင်၍ စဉ်းစားရင်း ခေါင်းကို တစ်ချက်ချင်းယမ်းလိုက်သည်။

"ဦးရဲ့စေတနာကိုတော့ ကျေးဇူးတင်ပါတယ် 'မ' ရယ်။ ဒါပေမဲ့ ဒီအကူအညီကို လက်ခံလို့ ဘယ်ကောင်းပါ့မလဲ။ ကိုယ့်အိုး၊ ကိုယ့်အိမ်နဲ့ ထူထောင်နေရတဲ့ ဘဝမျိုးမှာ သူများအကူအညီ အထောက်အပံ့ကို လက်ခံရင် ညံ့ရာကျမှာပေါ့"

ကိုဘခက်၏မာနကို သိထားသော 'မ' မှာ ဘာမျှဆက်မပြောရဲတော့ချေ။

ချစ်သူ၏ သတ္တိနှင့် မာနကိုသာ အလိုလို လေးစားကြည်ညိုမိတော့သည်။

"မောင့်သဘောအတိုင်းပါ။ 'မ' ဟာ မောင့်ရဲ့ဇနီးတစ်ယောက်အနေနဲ့ မောင့်အလိုကို ဘယ်အခါမှ ဆန့်ကျင်ပြီး မလုပ်ပါဘူးမောင်"

"ဘဝနဲ့အချစ်ဆိုတာ ရုန်းကန်မှုရှိမှ တောက်ပြောင်ခိုင်မာတယ်ဆိုတာ ကိုယ်တော့ ယုံကြည်ထားတယ်။ ကိုယ်ယုံကြည်သလို 'မ' လည်း ယုံစေချင်တယ်"

ကိုဘခက်က 'မ' ၏ နားထင်ဆံစကလေးကိုသပ်ရင်း ကလေးငယ်ကိုဆုံးမသလို ပြောလိုက်ပြန်တော့လည်း 'မ' က အပြစ်ကင်းစင်သော ကလေးမျက်နှာကလေးကဲ့သို့ ကိုဘခက်၏ရင်ပြင်တွင် သူ့မျက်နှာကို ကပ်ထားရင်း လေသံညင်းညင်းဖြင့် တစ်ခွန်းချင်း ပြန်၍ပြောလိုက်ရှာသည်။

"မောင်ယုံကြည်တဲ့ အရာမှန်သမျှဆိုရင် 'မ' ကို မေးစရာတောင်မလိုပါဘူး မောင်။ မောင်ယုံကြည်သလို 'မ' လည်း ယုံကြည်ပါတယ်မောင်။ 'မ' ရဲ့နှလုံးသားနဲ့ ဦးနှောက်ဟာ မောင့်ဆီမှာပဲရှိပါတယ်မောင်"

'မ' က ချစ်သူအပေါ်တွင် အကြွင်းမဲ့မေတ္တာနှင့် သစ္စာတရားကို ရိုးသားစွာ ဖွင့်ဟလိုက်ပြန်တော့လည်း ကိုဘခက်မှာ ဘာမှပြန်၍မပြောနိုင်တော့ချေ။ 'မ' ၏ ပါးပြင်နုနုကိုသာ တယုတယ နမ်းလိုက်လေတော့သည်။

[ ၂၄ ]

'မ' သည် ကိုဘခက်၏သေတ္တာထဲမှ ဓာတ်ပုံကိုကြည့်ရင်း ရုတ်တရက် ငိုင်နေမိသည်။

ကိုဘခက်သေတ္တာကို 'မ' သည် အကြိမ်ကြိမ် ဖွင့်ဖူးသည်။ ဂရုတစိုက်ကား တစ်ခါမျှမကြည့်ခဲ့ဖူးချေ။

ဖွပ်လျှော်၍ မီးပူတိုက်ပြီးသားအဝတ်အစားများကို အလိုက်သင့်ထည့်၍ထားတတ်သည်။

ကနေ့တော့ 'မ' သည် ကိုဘခက်၏ အဝတ်အစားများကို မီးပူတိုက်ပြီးလျှင် သေတ္တာထဲသို့ နေရာတကျထည့်ရန် ဟန်ပြင်လိုက်သည်။ သေတ္တာကို ဖွင့်လိုက်လျှင်ပင် ပို့စ်ကတ်အရွယ် ဓာတ်ပုံတစ်ပုံကို မမျှော်လင့်ဘဲ တွေ့ရသည်။

မိန်းကလေးဓာတ်ပုံဖြစ်၍လည်း 'မ' က အတန်ကြာမျှ ငိုင်၍ကြည့်နေမိသည်။

ဓာတ်ပုံကျော်ဘက်သို့ လှန်လိုက်သောအခါ ကိုဘခက်လက်ရေးဖြင့်ရေးထားသော စာတန်းကလေးက 'မ' စိတ်ကို ပို၍လှုပ်ရှားစေသည်။

"ကိုယ့်ဘဝ သစ်ရွက်လိုကြွေလွင့်အောင် တိုက်ခတ်လိုက်သော မုန်တိုင်းမလေး နန်းသိင်္ဂီ"

'မ' သည် သေတ္တာထဲသို့ထည့်မည့် အဝတ်အစားများကို ဘေးတွင် အသာချ၍ ဓာတ်ပုံကို ကြည့်နေမိသည်။

ကျောဘက်မှစာတန်းကလေးက 'မ' စိတ်ကို ပို၍လှုပ်ရှားစေ၏။ စာကို ဖတ်ရင်း အလိုလို ဝမ်းနည်းလာသည်။ ကိုဘခက်ကိုပင် မကျေမနပ်ဖြစ်မိသည်။

ဓာတ်ပုံရှင်မိန်းကလေး၏ မျက်နှာကို ကြည့်လိုက်ပြန်တော့လည်း မိန်းမချောလေးတစ်ဦး ဖြစ်နေသည်။

ဝတ်စားဆင်ယင် ထားပုံမှာလည်း ဇာတ်မင်းသမီး (သို့မဟုတ်) နန်းဆန်ဆန် ဝတ်စားထားသဖြင့် 'မ' မှာ မတွေးတတ်အောင်ရှိတော့သည်။

ဓာတ်ပုံရှင် မိန်းမချောနှင့် ကိုဘခက်တို့၏ နောက်ကြောင်းဇာတ်လမ်းကို သိလိုစိတ်များ တဖွားဖွားပေါ်၍လာသည်။ 'မ' သည် သိလိုစိတ်ကို ချုပ်တည်း၍မရတော့ချေ။ **ဆက်လက်ဖော်ပြပါမည်။**

ဆရာအောင်လင်း၏ "အရိုင်းစံပယ်" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# ဂုဏ်ယူဝမ်းမြောက်ကြောင်း

ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မြို့၊ ရပ်ကွက်(၂)၊ ကြယ်စင်လမ်းနေ နန်နင်းလူငယ်ခေါင်းဆောင်ကျောင်းသားဟောင်းများအသင်းဥက္ကဋ္ဌ ဦးမောင်မောင်သည် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့အား ထိုက်ထိုက်တန်တန် ချီးမြှင့်ခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။

ပရဟိတစိတ်ပြည့်ဝပြီး ဘာသာသာသနာအကျိုး၊ နိုင်ငံအကျိုး၊ မိမိဒေသအကျိုးကို စွမ်းစွမ်းတမံ သယ်ပိုးဆောင်ရွက်သူ ဦးမောင်မောင်အတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**နန်နင်းလူငယ်ခေါင်းဆောင်**

**ကျောင်းသားဟောင်းများအသင်း(မြန်မာ)**

# အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၃)ဖြင့် ၄-၁-၂၀၂၃ရက် (လွတ်လပ်ရေးနေ့)တွင် **ဒေါက်တာခင်မောင်ထွန်း** အမှတ် (၁၁၇/J)၊ သုဒဿနလမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား **အဂ္ဂမဟာသီရိသုဓမ္မဇောတဓရဘွဲ့တံဆိပ်** ကိုထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ခြင်း ခံရသည့်အတွက် အထူးလှိုက်လှဲစွာဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

**ထက်လင်း တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်**

**ရွှေခေါင်းပေါင်း တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဝန်ထမ်းများ**

# အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၃)ဖြင့် ၄-၁-၂၀၂၃ရက် (လွတ်လပ်ရေးနေ့)တွင် **ဒေါ်ဥမ္မာသန်း** အမှတ်(၁၁၇/J)၊ သုဒဿနလမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား **သီဟသုဓမ္မသီဂီ ဘွဲ့တံဆိပ်**ကိုထိုက်ထိုက်တန်တန်ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက်အထူးလှိုက်လှဲစွာ ဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

**ထက်လင်း တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်**

**ရွှေခေါင်းပေါင်း တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဝန်ထမ်းများ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ကွင်းအမှတ်-၂၅၊ ကွင်းအမည်-ဗိုလ်ချုပ်ရေနံစက်၊ ဦးပိုင်အမှတ်(၃)၊ မြေကွက်အမှတ်(ခ/၃၀၅)၊ မြေဧရိယာ(၀.၀၅၅)ဧကရှိ လ/န(၃၉)ရရှိပြီးဖြစ်သည့်မြေကွက်ဟုခေါ်တွင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ်(ခ/၃၀၅)ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နန်းစလုံးအွာဖောင်[၁၁/စတန(နိုင်)၀၀၁၁၀၃]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေနှင့်အိမ်အရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေနှင့်အိမ်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နှင်းဝေလွင်(LL.B)**

**အထက်တန်းရှေ့နေ(စဉ်-၅၄၃၀၅)**

**အမှတ်(၂၇၅)၊ ပထမထပ်၊ ဗညားဒလလမ်းမ၊ အရှိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၁၄၆၂၁၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၆၊ မြေကွက်အမှတ် ၁၂၁၀၊ မြေကွက်တည်နေရာ အမှတ်(၁၂၁၀)၊ လှိုင်ကော်လမ်း၊ ၄၆- ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ဦးအောင်ဘော် (BQ-၀၂၄၀၉၅) အမည်ပေါက် နှစ် (၆၀) မြေငှားစာချုပ် (ဂရန်) အမည်ပေါက် ဦးအောင်ဘော် (ဖခင်)၊ ဒေါ်ရီ(မိခင်)နှင့် (အစ်ကို/မောင်)ဖြစ်သူ ဦးတင့်လွင်ဦး (လူပျိုကြီး) ဘဝဖြင့် ကွယ်လွန်သဖြင့် (၁) ဦးသန်းအောင်[၁၂/လမန(နိုင်)၀၂၁၇၈၉]၊ (၂) ဒေါ်စန်းစန်းအေး [၁၂/လမန(နိုင်) ၀၂၀၁၆၃]၊ (၃) ဦးထိန်ဝင်း [၁၂/လမန(နိုင်)၀၂၁၇၈၈]၊ ဦးကျော်ကျော်မိုးဃ်း[၁၂/လမန(နိုင်)၀၈၅၅၂၉] တို့မှ မိမိတို့ မောင်နှမ (၅)ဦးကိုသာ မွေးဖွားခဲ့ကြောင်း၊ မိမိတို့မှလွဲ၍ အခြားသောမွေးချင်းတစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ ကိတ္တိမသား၊ သမီး မွေးစားခြင်းလည်းမရှိပါကြောင်း၊ မိမိတို့သာလျှင် တရားဝင်အမွေဆက်ခံ ပိုင်ဆိုင်ပါကြောင်း၊ ကျမ်းကျိန်လွှာ၊ ထောက်ခံ ကျမ်းကျိန်လွှာ (၂)စောင်၊ (ဖခင်) ဦးအောင်ဘော်၏ သေဆုံးမှုလက်မှတ်၊ (မိခင်) ဒေါ်ရီ၏ သေဆုံးမှုလက်မှတ်၊ (အစ်ကို/မောင်) ဖြစ်သူ ဦးတင့်လွင်ဦး၏ သေဆုံးမှု-ပထမ-မိတ္တူမှန်၊ ဂရန်၊ နိုင်/ကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ၎င်းတို့ထံမှ GP No- ၁၄၈၈၈/၂၀၂၂ (၂၂-၈-၂၀၂၂)ဖြင့် ရရှိသူ ဒေါ်ခင်ဝင်းမြင့် [၁၂/အစန(နိုင်)၁၀၄၉၆၉] မှ အထွေထွေကိုယ်စားလှယ်လွှဲစာ၊ အထွေထွေကိုယ်စားလှယ်လွှဲစာပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် အထွေထွေကိုယ်စားလှယ်လွှဲစာအား မရုပ်သိမ်း သေးကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

**(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃)**

**မရမ်းကုန်းခရိုင်တရားရုံးတော်**

**၂၀၂၂ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၆၇**

**ကွယ်လွန်သူ ဦးပီတာဇလွန်ထန်း၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု။**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ တပ်ကြီးကုန်း၊ ဘောဂဗလလမ်း၊ အမှတ်(၄၅၇)၌နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးပီတာဇလွန်ထန်း၏ ကျန်ရှိရစ် သောပစ္စည်းအပေါ် အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ရန်ကုန် တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ တပ်ကြီးကုန်း၊ ဘောဂဗလလမ်း၊ အမှတ်(၄၅၇) ရပ်နေ ဒေါ်ရေဗက္ကာဆွန်ဇိန်းက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထား ချက်ရှိသဖြင့် ဤအမှုကို **၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁၁) ရက်၊** (၁၃၈၄ ခုနှစ်၊ ပြာသို လဆုတ် ၆ ရက်)နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးပီတာဇလွန်ထန်း၏ ကျန်ရှိရစ်သော ပစ္စည်းများတွင် အကျိုးစီးပွား တစ်ခုခု သက်ဝင်သည်အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက် လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟုအထင်ရှိလျှင်) ဆိုခဲ့သော ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁၁)ရက် (၁၃၈၄ ခုနှစ်၊ ပြာသိုလဆုတ် ၆ ရက်)နေ့၌ မိမိတို့ကိုယ်တိုင် သော်လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ၊ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့် ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်း တစ်ခုခုမရှိပျက်ကွက်ခဲ့လျှင်၊ ရုံးတော်က ဆိုခဲ့သော ဒေါ်ရေဗက္ကာဆွန်ဇိန်း၏လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ(၃၀ )ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မြတ်ခိုင်ဝင်း)**

**ခရိုင်တရားသူကြီး**

**မရမ်းကုန်းခရိုင်တရားရုံး**

**ဥတုရာသီ တောကိုမှီ၏**

## "အများသိစေရန်"

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ပေါက်တောကျေးရွာအုပ်စု၊ ကျောက်တလုံး အပေါ်တန်းရှိ ခြံ၏အရှေ့ဘက်-လမ်း၊ ခြံ၏ယာဘက်ဘေး-ဦးအောင်ထူးခြံ၊ ခြံ၏အနောက်ဘက်-ဦးမောင်စန်း ခြံ၊ ခြံ၏ဝဲဘက်ဘေး-ဦးအောင်လှ ခြံ၊ အနား(၄) ရပ်အတွင်းရှိ မျက်နှာဝအတိုင်းအတာ အတောင်-၄၀၊ (အတောင်လေးဆယ်)၊ အရှည်အတိုင်းအတာ အတောင် ၄၀၀၊ (အတောင်လေးရာ)ခန့်မှန်း၊ အလျား- ဦးမောင်စန်းခြံ၊ (ခြံ၏အနောက်ဘက်)ထိ အကျယ်အဝန်းရှိသည့်-မြေကွက်နှင့် မြေကွက်ပေါ်ရှိ သီးပင်စားပင် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ အား လက်ဝယ်ရရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပေးကမ်းခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးအောင်လှ [၁၀/ဘလန(နိုင်)၀၂၇၂၈၂]၊ ဒေါ်သိန်းမြင့်[၁၀/ဘလန (နိုင်)၀၂၈၈၆၆]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အာသာမြင့်[၁၀/ဘလန(နိုင်) ၀၅၈၈၉၀]မှ တန်ဖိုးငွေကျပ်သိန်း(၃၄၀)တိတိဖြင့် (၁၇-၂-၂၀၁၈)ရက်နေ့တွင် "ကြွေးမြီပေးဆပ်ရန်ရှိသည့် ငွေများအတွက် မြေကွက်တန်ဖိုးသတ်မှတ်လွှဲပြောင်း ပေးအပ်ခြင်း၊ လက်ခံယူခြင်း နှစ်ဦးနှစ်ဖက်သဘောတူစာချုပ်" အား ဦးအောင်လှ- ဒေါ်သိန်းမြင့် တို့ကိုယ်တိုင်နှင့် ၎င်းတို့၏ သားသမီးများဖြစ်ကြသော ဦးဝင်းထိုက် [၁၀/ဘလန(နိုင်)၀၅၉၇၅၄]၊ ဒေါ်ဂျူးလျှံမိုးမြင့်[၁၀/ဘလန(နိုင်) ၀၉၁၉၀၄]တို့နှင့် တကွ အထက်ဖော်ပြပါ ခြံကွက်နှင့် နယ်နိမိတ်ချင်းထိစပ်နေသော ခြံပိုင်ရှင်တစ်ဦး ဖြစ်သူ ဦးအောင်ထူး[၁၀/ဘလန(နိုင်) ၀၆၉၅၄၉]တို့အား အသိသက်သေထားရှိသည့် အပြင် ဂုဏ်သရေရှိ တရားလွှတ်တော်ရှေ့နေတစ်ဦးမှလည်း ထပ်ဆင့်အသိအမှတ်ပြု လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုထားပြီး ဒေါ်အာသာမြင့်က ဥပဒေနှင့်အညီ တရားဝင် လက်ရောက် လွှဲပြောင်း ရယူပိုင်ဆိုင်ထားပြီး ဖြစ်သည့်အပြင် အဆိုပါ မြေကွက်နှင့် ပတ်သက်၍ စာရွက်စာတမ်း(မူရင်း)များအား လက်ရောက်လက်ခံလွှဲပြောင်းရယူ ပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါ၍ အဆိုပါမြေကွက်သည် ကျွန်ုပ်၏မိတ်ဆွေ တစ်ဦးတည်းသာ ပိုင်ဆိုင်ပြီး ကျွန်ုပ်၏မိတ်ဆွေသိရှိခြင်းမရှိဘဲ မည်သူမဆို ကျူးကျော်ဝင်ရောက် နေထိုင်ခြင်း၊ ခြံစည်းရိုးခတ်ခြင်း၊ မြေတိုင်းတာခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်းများ မပြုလုပ်ပါရန်နှင့် အကယ်၍ ပြုလုပ်ခဲ့ပါက ပြုလုပ်သူ ၏ တာဝန်သာဖြစ်ပြီး တရားဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အာသာမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအာကာလင်း(LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၄၃၄/၂၀၂၁)**

**အမှတ်(၈၅၈)၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**

**ဖုန်း-၀၉-၂၆၄၁၉၉၂၈၈၊ ၀၉-၂၆၀၃၉၉၀၃၅**

## ပုလောမြို့နယ်အသင်း(ရန်ကုန်)

## “အထူးကြည်ညိုဂုဏ်ယူဝမ်းမြောက်မိပါသည့် အရှင်မြတ်ဘုရား”

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်၊ (၇၅)နှစ်မြောက်လွတ်လပ်ရေးနေ့ စိန်ရတုအခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၂၃)ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ဖြစ်သည့် **“အဘိဓဇမဟာရဋ္ဌဂုရု”** ဘွဲ့ ဆက်ကပ်လှူဒါန်းပူဇော်ခံရသော ပုလောမြို့နယ်အသင်း(ရန်ကုန်)၏ဩဝါဒါစရိယဆရာတော်ကြီးဖြစ်သည့် မြိတ်မြို့ လှည်းဘီးစာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ **ဘဒ္ဒန္တလာသနမဟာထေရ်မြတ်**(နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်)အား အထူးပင်ကြည်ညို ဂုဏ်ပြုပူဇော်အပ်ပါသည်ဘုရား။ ဆရာတော်ကြီး၏ သီလဂုဏ်၊သမာဓိဂုဏ်၊ပညာဂုဏ်တို့အားကြည်ညိုလေးစားဦးထိပ်ပန်ဆင်လျက် ဆရာတော်ကြီး သက်ရှည်ကျန်းမာစွာဖြင့် အမျိုးဘာသာ၊ သာသနာအကျိုးကို အဓွန့်ရှည်စွာ ဆောင်ရွက်နိုင်ပါစေကြောင်း ခြေတော်ဦးခိုက်လျှောက်ထားအပ်ပါသည်ဘုရား။

**နာယက၊ အမှုဆောင်နှင့် အသင်းသူ၊ အသင်းသားများ**
**ပုလောမြို့နယ်အသင်း(ရန်ကုန်)**

## “အထူးကြည်ညိုဝမ်းမြောက်ဂုဏ်ပြုပူဇော်ခြင်း”

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်၊ (၇၅)နှစ်မြောက်လွတ်လပ်ရေးနေ့ စိန်ရတုအခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၂၃)ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံရသော ပုလောနွယ်ဖွားဆရာတော်ဖြစ်သော မြိတ်မြို့၊ လှည်းဘီးစာသင်တိုက်ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ **ဘဒ္ဒန္တလာသနမဟာထေရ်မြတ်** (နိုင်ငံတော်ဩဝါဒါစရိယဆရာတော်)အား **“အဘိဓဇမဟာရဋ္ဌဂုရု”** ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပူဇော်ခြင်းခံရသဖြင့် အထူးပင် ကြည်ညို ဂုဏ်ယူဝမ်းမြောက် ပူဇော်အပ်ပါသည်ဘုရား။

ဆရာတော်ဘုရားကြီး သက်ရှည်ကျန်းမာစွာဖြင့် သာသနာတော်အကျိုး ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေဘုရား။

**သီရိသုဓမ္မမဏိဇောတဓရ ဦးမောင်လှ-ဒေါ်ရှုလှိုင်**
**မိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃)၊ ကံ့ကော်မြိုင်(၁)လမ်း၊ မြေကွက်အမှတ်(၈၀)၊ မြေအကျယ်အဝန်း(၄၀ပေ၆လက်မ × ၆၀ပေ)၊ ဧရိယာ(၀.၀၅၆)ဧက၊ (၂၄၃၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု မြေယာဌာနတွင် ဒေါ်ချောစုကြည်(၁၂/ရပန(နိုင်)၀၃၃၂၄၆) အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ဦးဆန်းမျိုး(၁၂/ဒဂမ(နိုင်)၀၀၈၄၁၇)သည် “နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်” ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင် ဆိုင်ကြောင်းနှင့်လွှတ်လပ်စွာလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်စုမြတ်မောင် (LL.B)** | **ဒေါ်ကေကေနိုင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဥ်-၁၆၅၅၄)** | **အထက်တန်းရှေ့နေ (စဥ်-၅၃၃၄၄)** |

အမှတ်(၁၀၅၄)၊ ဗိုလ်မင်းရောင်လမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၂၈၀၂၂၃၈၄၊ ၀၉-၅၀၂၇၁၇၅၊ ၀၉-၉၅၁၈၃၄၄၄၄
Aung Family Real Estate Agent

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မင်းရဲကျော်စွာ(၃/ခ)လမ်း၊ မြေကွက်အမှတ်(၅၁၆/က)၊ မြေအကျယ်အဝန်း(၂၀ပေ × ၆၀ပေ)၊ ဧရိယာ(၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု မြေ ယာဌာနတွင် ဒေါ်နုနုထွေး(၁၂/ဥကတ(နိုင်)၁၁၀၀၈၆)အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ဦးဝင်းအေး(၁၀/သဖရ(နိုင်)၀၄၀၁၃၄)သည် “နှစ်ဦးသဘောတူအဆင့်ဆင့်အဆက်စပ် အရောင်းအဝယ်ကတိစာချုပ်”များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွှတ်လပ်စွာလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန်စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက်အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။သို့ဖြစ်ပါ၍ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်စုမြတ်မောင် (LL.B)** | **ဒေါ်ကေကေနိုင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဥ်-၁၆၅၅၄)** | **အထက်တန်းရှေ့နေ (စဥ်-၅၃၃၄၄)** |

အမှတ်(၁၃၁)၊ မြရတနာ(၇)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၄၂၈၀၂၂၃၈၄၊ ၀၉-၄၂၆၈၇၆၆၆၀၊

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

## အကောက်ခွန်ဦးစီးဌာန

### ဈေးပြိုင်စနစ်ဖြင့် လေလံတင်ထုခွဲရောင်းချရေးကြော်ငြာ

၁။ အကောက်ခွန်ဦးစီးဌာနက တည်ဆဲအကောက်ခွန်ဥပဒေအရ အရေးယူထားသော အရက်၊ ပလတ်စတစ်ဖြတ်စ၊ Mattress Accessories, Leather Pieces, Used TV, Recondition Copier, Phone Battery,Oxygen Concentrator, Lubrizol၊ ဂီတာကြိုး၊ အင်ဂျင်ဝိုင်၊ Mobile Phone မျိုးစုံနှင့် အထွေထွေကုန်ပစ္စည်းများအား အောက်ပါအစီအစဉ်အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် အများပြည်သူများ ဝင်ရောက်ယှဉ်ပြိုင်ဝယ်ယူနိုင်ရန် အသိပေး ကြေညာအပ်ပါသည်-

| | |
|---|---|
| (က) နေ့ရက်/အချိန် | - ၇-၂-၂၀၂၃ ရက် နံနက်(၁၀:၀၀)နာရီ |
| (ခ) နေရာ | - ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ၊ အကောက်ခွန်(ကုန်လှောင်ရုံ)၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကွန်ကရစ်ကမ်းနားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး။ |
| (ဂ) ပစ္စည်းအမျိုးအမည် | - အရက်၊ ပလတ်စတစ်ဖြတ်စ၊ Mattress Accessories, Leather Pieces ,Used TV, Recondition Copier, Phone Battery, Oxygen Concentrator, Lubrizol ဂီတာကြိုး၊ အင်ဂျင်ဝိုင်၊ Mobile Phone မျိုးစုံနှင့် အထွေထွေကုန်ပစ္စည်းများ |
| (ဃ)လေလံပုံစံရောင်းချခြင်း | - လေလံပုံစံ (လေလံစည်းကမ်းချက်များနှင့် လေလံပစ္စည်းစာရင်း ပူးတွဲလျက်) တစ်စုံလျှင် ကျပ် ၅၀၀၀/- (ကျပ်ငါးထောင်တိတိ) နှုန်းဖြင့် ၃၀-၁-၂၀၂၃ ရက်မှ ၃၁-၁-၂၀၂၃ ရက်ထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ |
| (င)ပစ္စည်းပြသမည့်အချိန် | - လေလံပုံစံဝယ်ယူပြီးသူများအား ၁-၂-၂၀၂၃ ရက်မှ ၃-၂-၂၀၂၃ ရက် အထိ နံနက် (၁၀:၀၀)နာရီမှ ညနေ (၁၆:၀၀) နာရီအထိ **(၃) ရက်** ပြသပါမည်။ |

၂။ အသေးစိတ်အချက်အလက်သိရှိလိုသူများသည် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ၊ အကောက်ခွန် (ကုန်လှောင်ရုံ) အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကွန်ကရစ်ကမ်းနားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း(၀၉-၂၅၅၁၆၂၄၈၄၊ ၀၉-၅၀၉၇၁၂၆) သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**လေလံတင်ရောင်းချရေးအဖွဲ့**
**အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၈၀၄)၊ ဧရိယာ(၀.၀၈၂)ဧကရှိ ဦးကျော်ဆန်း(ဘ)ဦးပုလေး [၉/လဝန(နိုင်)၁၄၀၈၁၉]အမည်ပေါက် ပါမစ်မြေကွက်အား အမည်ပေါက်သူကိုယ်စား ဦးကျော်ဦး (ဘ)ဦးလှမြင့် [၉/လဝန(နိုင်)၁၆၂၁၄၁]မှ ယာယီမြေပေးလက်မှတ်၊ နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ၎င်းမြေကွက်ကိုချထားပေးသည်မှာ မှန်ကန်ကြောင်း အသိသက်သေ(၃)ဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြပြီး မြေပေးမိန့် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးမိန့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၉၁)၊ မြေကွက်အမှတ်(၁၄၄)၊ လူနေရပ်ကွက်အမှတ်(၉၁)ရပ်ကွက်၊ အဋ္ဌရံလမ်း၊ အမှတ် (၁၄၄)၊ မြေအမျိုးအစား-ပါမစ်မြေ၊ (၄၀ပေ x ၆၀ပေ)ရှိ မြေကွက်မှ မြေကွက်ကို မျက်နှာမူလျှင် ညာဘက်ရှိ အကျယ်အဝန်း(၂၀ပေ x၆၀ပေ) မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မူလအမည်ပေါက်ဖြစ်သူ ဒေါ်ခင်ခင်တင့်[၁၂/ဗတထ(နိုင်) ၀၁၆၂၉၃]ထံမှ အရောင်းအဝယ် ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းကာ တရားဝင် ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးဇော်ထူးအောင် [၁၂/ဒဂဆ(နိုင်)၁၉၉၈၁၉]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ၎င်းမြေကွက်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း မည်သူမဆို တရားဝင်ပိုင်ဆိုင်မှု အထောက်အထား(မူရင်း) များနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဆွေသီလင်း** | **ဦးခင်မောင်မြင့်(ကနောင်)** |
| **LL.B(စဥ်-၁၅၆၁၀/၂၀၁၉)** | **LL.B, WIPO(Switzerland)(စဥ်-၂၇၁၆/၁၉၈၄)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်(၁၀/၁၂)၊ မြေညီထပ်၊ ၃၅လမ်းတို(အောက်ဘလောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၀၈၇၅၄၊ ၀၉-၇၈၀၀၀၁၉၅၁**

## ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားခရိုင်၊ ဒဂုံမြို့နယ်၊ နဝဒေးလမ်း၊ တက်တိုးနယ်ဉ်အိမ်ရာ၊ အမှတ်(၁၁)၊ မြေညီထပ်၊ အခန်း(အေ)၊ ကွန်ဒိုတိုက်ခန်း အကျိုးခံစားခွင့်များနှင့်ပတ်သက်၍ အိတ်ဖွင့်လေလံတင်ရောင်းချရန် ကြေညာခြင်း

၁။ အထက်ပါကွန်ဒိုတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ရောင်းချပါမည်-

| | |
|---|---|
| (က) **လျှောက်လွှာရောင်းချမည့်ရက်** | - ၉-၁-၂၀၂၃ရက် (တနင်္လာနေ့) |
| (ခ) **လျှောက်လွှာပိတ်မည့်ရက်** | - ၂၃-၁-၂၀၂၃ရက် (တနင်္လာနေ့) |
| (ဂ) **လျှောက်လွှာရောင်းချမည့်နေရာ** | - ကျောက်တံတားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ (၃၆)လမ်းတို၊ မဟာဗန္ဓုလလမ်း၊ (၃)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| (ဃ) **လေလံဖွင့်မည့်ရက်** | - ၂၄-၁-၂၀၂၃ရက် (အင်္ဂါနေ့) |
| (င) **လေလံဖွင့်မည့်အချိန်** | - နံနက် ၁၀နာရီ |
| (စ) **လေလံဖွင့်မည့်နေရာ** | - ကျောက်တံတားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ အစည်းအဝေးခန်းမ၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |

၂။ အိတ်ဖွင့်လေလံနှင့်ပတ်သက်၍ အသေးစိတ် အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၁-၈၃၉၁၄၄၆၊ ၀၁-၈၃၉၁၉၆၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

ခရိုင်လေလံတင်ထုခွဲရောင်းချရေး၊ စီမံခန့်ခွဲရေးကော်မတီ
ကျောက်တံတားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## အမျိုးသားစာပေဆုရှင် စာရေးဆရာကြီး မောင်ပေါ်ထွန်း ရေးသားခဲ့သော စာမူများ၊ စာအုပ်များနှင့် စပ်လျဉ်း၍ အသိပေးကြေညာခြင်း

အမျိုးသားစာပေဆုရှင် အလင်္ကာကျော်စွာ စာရေးဆရာကြီး မောင်ပေါ်ထွန်းရေးသားပြုစုခဲ့သော စာမူများ၊ စာအုပ်များကို ပြန်လည်ထုတ်ဝေလိုသည့် စာအုပ်တိုက်များ၊ ထုတ်ဝေသူများနှင့် Online မှ ဖြန့်ချိလိုသော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအနေဖြင့် ဆရာကြီး၏ မိသားစုထံမှဖြစ်စေ၊ ကျွန်ုပ်ထံမှဖြစ်စေ တရားဝင်ခွင့်ပြုချက်ရယူပြီးမှသာ ထုတ်ဝေကြပါရန် အသိပေးကြေညာအပ်ပါသည်။

ဆရာကြီးမောင်ပေါ်ထွန်း၏ မိသားစုညွှန်ကြားချက်အရ-

**ဦးသိန်းတင်**
**B.A(Law),LL.B**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၇၇၉၄)**
**အိမ်အမှတ်-၃၄၉၊ ဇေယျာ(၈)လမ်း၊ (၁၀)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်။ Ph:09-664389911, 09-421145627**

## “အထွေထွေကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း”

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ဝရဇောလမ်း၊ အမှတ်-၆၃၇ တွင် နေထိုင်သော ဒေါ်သန်းသန်းမြင့် (ဘ) ဦးစံဝင်းမောင် [၁၂/ဥကတ(နိုင်) ၀၆၈၇၉၂]မှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတော်၌ (၁၄-၈-၂၀၁၇) ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၇၆၂၁/၂၀၁၇ ဖြင့် ဦးဝင်းမောင်မောင်စိုး(ဘ)ဦးစိုးတင့် [၉/မထလ(နိုင်)၁၇၃၅၄၂]သို့ အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ပေးခဲ့ပါသည်။ အဆိုပါ အထွေထွေကိုယ်စားလှယ်လွှဲစာအား ယနေ့(၅-၁-၂၀၂၃)ရက်နေ့မှစ၍ အပြီးအပိုင် ပြန်လည်ရုပ်သိမ်းပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်းမြင့်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မေသက်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၁၃၆၁)**
**အမှတ်(၉/၁၁)၊ ၁၀၃-H၊ ပထမထပ်၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၁၄၂၆၉၇၊ ၀၉-၄၀၁၇၅၃၅၄၇**

## “အများသိစေရန်ကြေညာခြင်း”

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်ကြသော ဦးမြတ်ထွန်းအောင် [၅/မရန(နိုင်) ၁၄၉၇၄၄]နှင့် ဒေါ်ဝေဝေလွင် [၁၂/အစန(နိုင်)၁၈၅၆၃၀]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ-

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀/က+ခ)၊ မာလာမြိုင်(၅)လမ်း၊ အမှတ်(၃၈)၊ ၅-လွှာ(ခြေရင်းခန်း)၊ အကျယ်အဝန်း(၁၁ $\frac{၁}{၂}$ ပေx၅၀ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်အကျိုးခံစားလျက် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်ထက်ကျော် [၁၂/လကန(နိုင်)၁၈၉၁၇၀]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးမြတ်ထွန်းအောင်နှင့် ဒေါ်ဝေဝေလွင်တို့က အထက်ဖော်ပြပါ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ (၁၅-၉-၂၀၂၂) ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးဇင်သင်းအောင်** | **ဒေါ်ယမင်းလတ်** | **ဦးသက်ပိုင်ဝင်း** |
| **LL.B,B.D.S,WIPO** | **LL.B,D.B.L,WIPO** | **(LL.B)** |
| **(Switzerland)** | **(Switzerland)** | |
| **(စဥ်-၁၄၄၇၉/၂၀၁၈)** | **(စဥ်-၈၅၆၄/၂၀၁၂)** | **(စဥ်-၅၃၅၆၆/၂၀၂၀)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**ရုံး-အမှတ်(၉/၁၁)၊ ပထမထပ်၊ (၁၀၃-H)၊ ၃၆-လမ်းတို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၅၃၄၆၈၊ ၀၉-၇၇၅၀၅၃၄၆၈၊ ၀၉-၅၁၈၁၂၁၀**

## ခရစ်တော်၌အိပ်ပျော်ခြင်း

## MICHAEL BA YIN @ ဦးခင်မောင်လတ်

**(R/O–F.G)Wing Tak Shipping Agency Ltd**

**CDC No: 21959**

### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ သင်္ဂဟလမ်း၊ တိုက်အမှတ်(၁၀)၊ ငါးလွှာနေ (Stephen ဦးဘရင်–Agnes ဒေါ်ပန်း)တို့၏သား၊ တိုက်အမှတ်(၁၅)၊ အခန်း(၁)၊ ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ်နေ (ဗိုလ်မှူးချစ်သာ–ဒေါ်စီစီ)တို့၏ သားသမက်၊ ဒေါ်ကယ်ရင်အင်(န်)ချစ်သာ (ပါမောက္ခ–ငြိမ်း၊ I.R ဌာန–Y.U] (ညွှန်မှူး–ငြိမ်း၊ SEAMEO CHAT] (အမှုဆောင်အဖွဲ့ဝင်– MAAS၊ အမှုဆောင်အဖွဲ့ဝင်– MISIS)၏ ချစ်လှစွာသောခင်ပွန်း၊ [ဗိုလ်မှူးတင့်လွင်(ငြိမ်း)]–ဒေါ်ညွန့်ညွန့်ရင်၊ [ဗိုလ်မှူးမြင့်လွင်(ငြိမ်း)]–ဒေါ် Lucy ခင်နှင်းဝေ၊ (Molly–ဒေါ်တင်တင်ရီ)၊ (ဦး Joseph ကျော်မြင့်)၊ (ဒေါ် Mary မအေးမြင့်)၊ (ဒေါ် Seraphine ခင်စန်းမြင့်)၊ (Dr–Clement ဦးညွန့်လွင်)၊ (Gabriel ဦးလှအောင်)တို့၏ ညီ/မောင်၊ (Thomas ခင်မောင်ဝင်း)၏ အစ်ကိုသည် ၅–၁–၂၀၂၃ (ကြာသပတေးနေ့) နံနက် ၁:၁၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၇–၁–၂၀၂၃ (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမျိုးထွန်းလွင် (ခ) ဦးမျိုးလွင်

**(ပြည်တွင်းရေကြောင်းပို့ဆောင်ရေး–ငြိမ်း)**

### အသက်(၇၀)

(ဦးကြည်လွင်)–ဒေါ်စောရီတို့၏သား၊ (ဦးထွန်းရံ–ဒေါ်ခင်ညွန့်)တို့၏ သားသမက်၊ ဦးမြင့်ထူး–ဒေါ်ခင်ဖြူလွင်၊ (ဦးစောလွင်–ဒေါ်မိမိဝင်း)တို့၏ ညီ/မောင်၊ ဦးမြင့်လွင်၊ (ဦးညွန့်တင်)–ဒေါ်ရီရီလွင်၊ (ဦးခင်မောင်လွင်)၊ ဦးသက်လွင်–ဒေါ်ခင်မာချို၊ ဦးမိုးဝေလွင်–ဒေါ်ခင်မာအေး၊ ဦးမိုးဇော်လွင်–ဒေါ်သိန်းသန်းစိုးတို့၏ အစ်ကို၊ ကိုဇော်မင်းထိုက်–မမိုးသန္တာလွင် (လော်ပန်ကုမ္ပဏီလီမိတက်)တို့၏ ဖခင်၊ မအေးချမ်းမိုး၊ မောင်ဟိန်းထက်အောင်တို့၏အဘိုး၊ ဒေါ်တင်တင်မြင့်၏ခင်ပွန်း ဦးမျိုးထွန်းလွင် (ခ) ဦးမျိုးလွင်သည် ၅–၁–၂၀၂၃ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါ သဖြင့် ၇–၁–၂၀၂၃ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၁–၁–၂၀၂၃ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် အမှတ်(25, 26)၊ မြောင်းကြီးလမ်း (ခ–၁လမ်း)၊ ပေါက်တောရပ်ကွက်၊ အင်းစိန်နေကိုဇော်မင်းထိုက်–မမိုးသန္တာလွင်တို့၏နေအိမ်သို့ တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ချိုချိုခင်

### အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ အမှတ် (၉၂၅–A)၊ မာဃ(၁၂)လမ်း၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးမောင်မောင်အုန်း–ဒေါ်တင်တင်ဝင်း)တို့၏ သမီးကြီး၊ (ဦးထိန်လင်း)၏ ချစ်လှစွာသောဇနီး၊ (ဦးချစ်ချစ်ဦး)–ဒေါ်ချိုချိုတင်၊ ဦးကျော်ကျော်ဦး–ဒေါ်မြတ်ဆန်းဦး၊ ဦးရဲဝင်း–ဒေါ်တင်အေးမွန်၊ ဦးသန်းထွဋ်ဦး–ဒေါ်မြသူဇာစိုးတို့၏ အစ်မကြီး၊ ကိုအောင်သီဟဦး–မအိသက်လင်း၊ ကိုအောင်မျိုးဇော်–မနှင်းဦးခင်၊ မသဇင်ဖြူ၊ ကိုရှိန်းခန့်မင်း–မဇာဇာစိမ့်စိုး၊ မောင်အောင်ပြည့်ထက်တို့၏ မိခင်ကြီး၊ မအေးချမ်းမိုး၊ မောင်ဇေသီဟဇော်၊ မယွန်းမုဒြာကိုတို့၏ ဘွားဘွားကြီးသည် ၄–၁–၂၀၂၃ (ဗုဒ္ဓဟူးနေ့) ည ၇:၄၅ နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ယသဝတီ(၁၈)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်–(၁၃)၊ မြေကွက်အမှတ် (၁၁၁၅)(ခ)၊ အကျယ်အဝန်း (၂၀ပေx၆၀ပေ)၊ ဧရိယာ (၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်နှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ဒေါ်တင်တင်အောင်(S/OKA–၀၀၉၀၈၇)ထံမှ ဒေါ်သဲသီရိဇော်[၁၂/ရကန(နိုင်)၀၇၅၁၃၁] (SPအမှတ် – ၁၂၁၂၅/၂၀၁၃) ရရှိသူက အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်သဲသီရိဇော်ထံမှ အရောင်းအဝယ်အရပ်ကတိဆက်စပ်စာချုပ်ဖြင့် ဝယ်ယူ၍ တရားဝင် လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးစိုးမြင့်[၁၂/ဥကတ(နိုင်)၀၈၃၂၀၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လဲ့လဲ့ဝင်း [၁၂/ရကန(နိုင်)၀၆၂၈၂၁]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အိကေဇင် (LL.B, D.B.L, D.I.L, D.I.P.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ် – ၁၇၇၂၃)**
**တိုက် (၃၀/၆–၇)၊ ရွှေကမ်းသာယာအိမ်ရာ၊ အနော်ရထာလမ်း၊ သမကုန်း၊**
**လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၄၂၈၅၉၆၁၅၄**

## ဦးဝင်းဖေ(စားထွေငြိမ်း)

### အသက်(၈၄)နှစ်

မော်လမြိုင်မြို့နေ (ဦးချစ်မောင်–ဒေါ်စောမြိုင်)တို့၏ သား၊ သဃ်ာန်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ (၂)လမ်း၊ အမှတ်(၃၀၈)နေ ဒေါ်ခင်ငြိမ်း၏ခင်ပွန်း၊ ကိုတင်ဝင်းစိုး(စင်ကာပူ)–မခင်သီရိကျော်(စင်ကာပူ)၊ ကိုမျိုးဇော်ထွန်း၊ ဒေါက်တာညီညီဝင်း–ဒေါက်တာခင်ကံ့ကော်ဦးတို့၏ ကျေးဇူးရှင်ဖခင်၊ မြေး လေးယောက်တို့၏အဘိုး ဦးဝင်းဖေသည် ၄–၁–၂၀၂၃ (ဗုဒ္ဓဟူးနေ့) တွင် နေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေများအား သိစေရန် အကြောင်းကြားပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ပင့်သံဃာအရှင်သူမြတ်တို့ကို ဆွမ်း အစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းအမျှအတန်းပေးဝေမည်ဖြစ်ပါသောကြောင့် ၁၀–၁–၂၀၂၃ (အင်္ဂါနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးတင်စိုး

### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဓိဇဝါလမ်း၊ တိုက်အမှတ်(၁၄)၊ ပထမထပ်နေ (ဦးသန်းမြင့်)–ဒေါ်ခင်လှတို့၏ သား၊ (ဦးလှကို–ဒေါ်တင်မေ)တို့၏ သားသမက်၊ ဦးမျိုးမင်း–ဒေါ်ခိုင်ခိုင်ဝင်း ၊ (ဦးမင်းဇော်ထက်)–ဒေါ်ယဉ်မင်းခိုင်၊ ဦးစဝင်းအေး–ဒေါ်အေးအေးမာ၊ ကိုမင်းသုဝဏ်–မလေးလေးသိမ်း၊ ကိုသန်းမင်းဝင်းတို့၏ မွေးသဖခင်၊ မြေးရှစ်ယောက်တို့၏ အဘိုး၊ ဒေါ်တင်တင်အေး၏ခင်ပွန်း ဦးတင်စိုးသည် ၄–၁–၂၀၂၃ (ဗုဒ္ဓဟူးနေ့) ည ၈:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၆–၁–၂၀၂၃ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ပင့်သံဃာအရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်း အမျှအတန်းပေးဝေလိုပါ၍ ၁၀–၁–၂၀၂၃ (အင်္ဂါနေ့ ) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ရီရီဝင်း

### အသက်(၅၂)နှစ်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ တောင်ကြာအင်းနေ (ဦးတင်ဦး)–ဒေါ်တင်တင်တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရေကူးဘူတာရုံလမ်းနေ (ဦးတင်အေး–ဒေါ်အေးကြိုင်)တို့၏သမီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သူရဿတီလမ်း၊ အမှတ် (၉၃)၊ ငါးလွှာ(A)နေ ဦးမြင့်စိုး၏ဇနီး၊ မောင်ဟိန်းထက်စိုး၊ မမြတ်နှင်းအေးတို့၏ ချစ်လှစွာသောမိခင် ဒေါ်ရီရီဝင်းသည် ၃–၁–၂၀၂၃ ရက် နံနက် ၉:၀၆ နာရီတွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ၇–၁–၂၀၂၃ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများနံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉–၁–၂၀၂၃ ရက် နံနက်တွင် သူရဿတီလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်စွာဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်း အသင်းဝင်ဖြစ်သော ဒေါက်တာအောင်မျိုးဟိန်း အသက်(၅၁)နှစ်သည် ၂၈–၁၂–၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်း**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက် ၂၊ လူနေရပ်ကွက်အမှတ်– နွယ်အေး၊ မြေကွက်အမှတ်– ဃ/၄၉၊ စကားဝါ(၃)လမ်း၊ အမှတ်(၂၂၉)၊ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၃ ½)အဆောက်အဦရှိ ပထမထပ်(B1)၊ (အလျား ၁၂ပေ x အနံ ၄၇ပေ) အကျယ်အဝန်းရှိ တိုက်ခန်း (၁)ခန်းနှင့်တကွ ရေ၊ လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ရှိထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးခင်ထွေး [၁၂/ဒပန(နိုင်)၀၃၀၈၂၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်၍ ထိုအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အိအိမွန်(LL.B, D.B.L, D.I.P.L)**
**အထက်တန်းရှေ့နေ(စဉ်–၅၀၂၈၆)**
**အမှတ်(၁၀၁၉)၊ မာန်ပြေအရှေ့(၄)လမ်း၊**
**၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၂၀၃၁၉၄၂**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တပညာသာမိ

**ရခိုင်ရိုးလေးပရိယတ္တိစာသင်တိုက်**

### သိက္ခာတော် (၄၈)ဝါ၊ သက်တော် (၆၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ ထန်းတပင်မြို့နယ်၊ ရခိုင်ရိုးကြီးကျေးရွာအုပ်စု၊ ရခိုင်ရိုးလေးကျေးရွာ ရခိုင်ရိုးလေးပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တပညာသာမိ သိက္ခာတော် (၄၈)ဝါ၊ သက်တော် (၆၈)နှစ်သည် (၁၃၈၄–ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်) ၃၀–၁၂–၂၀၂၂ (သောကြာနေ့) ည ၈:၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၄–ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်) ၇–၁–၂၀၂၃ (စနေနေ့) နံနက် ၉ နာရီတွင် ပင့်သံဃာ အပါး(၁၀၀)တို့အား လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းပြီး မွန်းလွဲ ၂ နာရီတွင် ဥတုဇ ရုပ်ကလာပ်တော်ကို ညောင်ဝိုင်းသုသာန်သို့ပင့်ဆောင်၍ အန္တိမအဂ္ဂိသာဓုကီဠနပူဇော်မည်ဖြစ်ပါကြောင်း ဒါယကာ၊ ဒါယိကာမတို့အား သံဝေဂ ဉာဏ်ပွားများရန် အသိပေး အကြောင်းကြားအပ်ပါသည်။

သံဃာတော်များနှင့်
တပည့်ဒါယကာ၊ ဒါယိကာမများ

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

## ဒေါ်ခင်စော(ခ) ဒေါ်စောခင် B.Com(IT)

**စာရင်းစစ်မှူး(ငြိမ်း)**

### အသက်(၇၈)နှစ်

သန်လျင်မြို့၊ ပင်မနယ်လှည့် သစ္စာဓိဋ္ဌာန် စတုဒိသာနတ်စင်တစ်ရာဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တပညာတေဇ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ ရဟန်းဒါယိကာမကြီး၊ ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ မေခအိမ်ရာ၊ စစ်တောင်းလမ်းနှင့် မေခလမ်းသွယ်(၂)ထောင့်၊ အမှတ်(D–29/30)နေ (ဦးအေးထွန်း–ဒေါ်စွန်တီ)တို့၏ ဒုတိယသမီး၊ (ဒေါ်လှမြင့်)၏ညီမ၊ ဦးသန်းထွန်း၊ ဒေါ်ခင်လှတင့်၊ (ဒေါ်သင်းသင်းသွယ်)တို့၏ အစ်မကြီး၊ မဥမ္မာဝင်း၊ မောင်မျိုးမြင့်အောင်တို့၏ အဒေါ်၊ ဒေါ်ခင်စော(ခ) ဒေါ်စောခင်သည် ၄–၁–၂၀၂၃ ရက် ည ၉:၄၇ နာရီတွင် အောင်ရတနာဆေးရုံ၌ (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၆–၁–၂၀၂၃ (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၀–၁–၂၀၂၃ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ မေခအိမ်ရာ၊ ဦးသန်းထွန်း၊ ဒေါ်ခင်လှတင့် မောင်နှမတို့၏နေအိမ်သို့ သံဃာတော်အရှင်မြတ်များအား ပင့်ဖိတ်၍ ရက်လည်ဆွမ်းကျွေးမည်ဖြစ်ပါ၍ တရားတော်အတူနာကြားကြပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမျိုးထွန်းမြင့် AGTI (Civil)

### အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ပွဲစားတန်း၊ အမှတ်(၆၆/၁–ခ)နေ (ဦးလေးမြင့်)–ဒေါ်ခင်လှတို့၏သား၊ ဒေါ်လဲ့လဲ့ဝင်း၏မောင်၊ ဒေါ်ခိုင်ခိုင်မြင့်၊ ဦးဇာခြည်လေးမြင့်တို့၏ အစ်ကို၊ ဒေါ်ခင်ဖြူဖြူလှိုင်၏ ခင်ပွန်း၊ မောင်အာကာမင်းခန့်၏ဖခင်၊ မောင်မျိုးမြင့်အောင်၊ မမြတ်သန္တာအောင်တို့၏ ဘကြီးသည် ၅–၁–၂၀၂၃ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ဗဟိုရုံစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇–၁–၂၀၂၃ (စနေနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ပွဲစားတန်း (၆၆/၁–ခ) နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ**

လမ်းမီးများကို အလင်းရောင်ရှိသော အချိန်များ၌ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

အလင်းရောင်အားနည်းလာသည့်အချိန်တွင် လမ်းမီးများကို အလိုအလျောက် ဖွင့်စေပြီး၊ အလင်းရောင်ပေါ်ထွက်လာပါက အလိုအလျောက်ပိတ်စေသည့်စနစ်ကို တပ်ဆင်ပါ။



**အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**❖ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နေချိန်အတွင်း တိုင်းရင်းသားဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် တိုင်းရင်းသား ဒေသများအနေဖြင့်လည်း ယင်းအခွင့်အရေးကို အမိအရ ရယူပြီး အပြည့်အဝအသုံးချ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်စေလို...**

**❖ တိုင်းရင်းသားအားလုံးစည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက ဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်ပြည်ထောင်စုနိုင်ငံတော်ကြီးကို ဖော်ဆောင်သွားနိုင်မည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဥက္ကဋ္ဌ ခွန်သူရိန်၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) ဥက္ကဋ္ဌ ကျာဆော်လမွန်နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်းတို့ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံဆွေးနွေးစဉ် ပြောကြားမှုမှ ကောက်နုတ်ချက်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း နည်းပြချုပ် ဒေါ်သက်သက်ဝင်းကို နှစ်နှစ်စာချုပ်ဖြင့် ခန့်အပ်

ရန်ကုန် ဇန်နဝါရီ ၅


မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းကို နှစ်နှစ်စာချုပ်ဖြင့် ခန့်အပ်လိုက်ပြီဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း၏ ယခင်နည်းပြချုပ်ဟောင်း ဦးတင်မြင့်အောင်သည် ၂၀၂၂ ခုနှစ် မေလက ကျင်းပသည့် (၃၁)ကြိမ်မြောက် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲအပြီးတွင် လမ်းခွဲသွားသဖြင့် ယင်းနောက်ပိုင်းတွင် နည်းပြချုပ်ခန့်အပ်ခြင်းမရှိဘဲ ယခုမှသာ နည်းပြချုပ်သစ် ခန့်အပ်ခြင်းဖြစ်သည်။ ၂၀၂၂ ခုနှစ် ဇူလိုင်လကကျင်းပသည့် ၂၀၂၂ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတွင် တတိယဆုရခဲ့သည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းကို ဒေါ်သက်သက်ဝင်းက ယာယီနည်းပြချုပ်အဖြစ် ကိုင်တွယ်ခဲ့ပြီး စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❍

**ယနေ့ ဖတ်စရာ**

**(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင် ပါဝင်ဆင်နွှဲခဲ့ကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် ကျောင်းသား ကျောင်းသူများ နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာကြည့်ရှု**

စာမျက်နှာ » ၁၇



## အင်းတော်ကြီးအိုင်နှင့် ဆက်စပ်ရေဝပ်ဒေသများတွင် ရှားပါးဆောင်းခိုငှက်မျိုးစိတ်များနှင့် ဒေသရေပျော်ငှက်မျိုးစိတ်ကောင်ရေ ၂၃၀၆၈ ကောင် စာရင်းကောက်ယူနိုင်

မိုးညှင်း ဇန်နဝါရီ ၅

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ်ရှိ မြန်မာနိုင်ငံတွင် အကြီးဆုံးကုန်းတွင်းရေချိုအိုင်ကြီးဖြစ်သည့် အင်းတော်ကြီးအိုင်နှင့် ဆက်စပ်ရေဝပ်ဒေသများတွင် ဒီဇင်ဘာလအတွင်း ဆောင်းခိုငှက်မျိုးစိတ်များနှင့် ဒေသရေပျော် ငှက်မျိုးစိတ်များ စုစုပေါင်း ၅၄ မျိုး၊ ကောင်ရေ ၂၃၀၆၈ ကောင် စာရင်းကောက်ယူနိုင်ခဲ့ကြောင်း သိရသည်။

**လာရောက်ကျင်လည်ကျက်စား**

အင်းတော်ကြီးအိုင်သည် နှစ်စဉ် ဆောင်းရာသီသို့ ရောက်ရှိလာတိုင်း အနယ်နယ်အရပ်ရပ်မှ ဆောင်းခိုငှက်မျိုးစိတ်များနှင့် ဒေသရေပျော်ငှက်မျိုးစိတ်များ လာရောက်ကျင်လည်ကျက်စားလျက်ရှိကြပြီး ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း စာရင်းကောက်ယူချက်အရ ဆောင်းခိုရေပျော်ငှက်မျိုးစိတ် ၃၄ မျိုး၊ ကောင်ရေ ၁၆၃၇၈ ကောင်နှင့် ဒေသရေပျော်ငှက်မျိုးစိတ် ၂၀၊ ကောင်ရေ ၆၆၉၀ စုစုပေါင်းကောင်ရေ ၂၃၀၆၈ ကောင်ကို စာရင်းကောက်ယူနိုင်ခဲ့သည်။

စာမျက်နှာ ၁၇ ကော်လံ ၃ သို့ ✻